# မြဝတီ / ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့။ Sunday, 10 May 2026 ၁၂၁၇၄


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု၊ မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု၊ မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၉

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် မေ ၁၁ ရက်၌ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၉

| | | |
|---|---|---|
| တောင်တွင်းကြီး | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၄၁ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက် | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |



လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ ဝါးဆူးကွင်း၌ မိုးစပါးစိုက်ပျိုးရန် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာများ ကြဲပက်ထည့်သွင်းစဉ်။

# ကရင်ပြည်နယ်၌ မိုးစပါး ၄၂၈၆၉၈ ဧက စိုက်ပျိုးရန်လျာထား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

ဘားအံ မေ ၉

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်း မိုးစပါး ၄၂၈၆၉၈ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိပြီး အထွက်နှုန်းတိုးတက်ရေးနှင့် မိုးစပါးလျာထားဧကပြည့်မီကျော်လွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ ဝါးဆူးကွင်း၌ မိုးစပါးစိုက်ပျိုးရန် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကွင်းသရုပ်ပြသသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



မြစ်သားမြို့နယ်၌ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

# မြစ်သားမြို့နယ်၌ နှမ်းသီးနှံ ၂၉၂၀၈ ဧက စိုက်ပျိုး

မြစ်သား မေ ၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းသီးနှံ ၂၉၂၀၈ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်နှင့် အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❒


**ယနေ့ ဖတ်စရာ**

ရေသယံဇာတကို ထိန်းသိမ်းကာကွယ်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

ငြိမ်းချမ်းရေးပန်းခင်းလမ်းသို့ အရောက်လှမ်းလာခဲ့ကြပါ

ဆောင်းပါး စာမျက်နှာ » ၁၁



ပြင်ဦးလွင် လူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများ ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာ

စာမျက်နှာ » ၁၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်

စာမျက်နှာ » ၁၃

ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကုန်ထုတ်လုပ်မှုမြှင့်တင်အားပေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုအပ်သည်။ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများအပြင် အခြားကုန်ထုတ်လုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုလုပ်ငန်းများ၌ အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှ လောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသဖြင့် ကုန်သွယ်မှုလိုငွေ ရှိနေဆဲဖြစ်သည်။ တစ်ဖက်တွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် အစိုးရအပေါ်၌ ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေးလုပ်ဆောင်နေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေးအတွက် နိုင်ငံသားအားလုံး ယခုထက်ပိုမို ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို မေ ၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပို့ကုန်များ တိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ပမာဏများစွာ တင်သွင်းနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ဆီထွက်သီးနှံများ စိုက်ပျိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ယခုကဲ့သို့ စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရခြင်းသည် မဖြစ်သင့်မဖြစ်ထိုက်ပေ။ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးက စနစ်တကျသုတေသနပြု ဆောင်ရွက်ကြရန်လိုသည်။ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကို တွက်ချက်၍ ပိုလျှံသည့်ဆန်တင်ပို့မှုပမာဏကိုတွက်ချက်ပြီး ပိုလျှံသည့်ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုတို့အပေါ်မူတည်၍ ပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်တင်ပို့ကြရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ "ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်" ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသောပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရရှိပြီးဖြစ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့် ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဖြစ်သည်။ အလားတူ မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်သည်။ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့အပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးစသည့် ရာသီသီးနှံများသည် နေ့စဉ်လိုအပ်ချက်ဖြစ်သဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး စဉ်ဆက်မပြတ်သုတေသနပြုနေရမည်ဖြစ်သည်။ အဓိကအားဖြင့် တစ်ဧကအထွက်နှုန်းကောင်းရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်သည်။ ဆန်တင်ပို့မှုများ တိုးတက်လာစေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆန်များစိုက်ပျိုးသွားရန်လိုသည်။ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေကြာ၊ ပဲပုပ်နှင့်နှမ်းစိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးဧကအတိုင်း တစ်ဧက ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ပြည်ပသွင်းကုန် အစားထိုးနိုင်မည့် စိုက်ပျိုးထုတ်ကုန်များကို ယခုထက်ပိုမိုကြိုးပမ်းထုတ်လုပ်ကြရန်လိုပြီး ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးအတွက် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ်သုတေသနပြု ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများ ပို့ချဆွေးနွေး

**ဝါးခယ်မ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမတွင် ယမန်နေ့နံနက် ၉ နာရီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ ပို့ချဆွေးနွေးခြင်း သင်တန်းပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်တို့က အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄၅ ခုမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာ ဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြ



**အိမ်မဲ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် တောင်သူများနှင့် ဝန်ထမ်းများ စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ရာ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချရေး တာဝန်ခံ ဦးထင်ကျော်ဦးက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ထည့်သွင်းနည်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ညိမ်းညိမ်းတိုးက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ပုသိမ်ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါက်တာခင်လှဲ့ဦးက ကောက်ရိုးမြေဆွေးပြုလုပ်ခြင်းနှင့် စပါးခွံဖြင့် ဘိုင်အိုချာ ထုတ်လုပ်ခြင်းကို စာတွေ့၊ လက်တွေ့ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အိမ်မဲ(ပြန်/ဆက်)**

## ၉ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၂၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများနှင့် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဌာနသို့ ရောက်ရှိကာ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ခာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ခာတ်ခွဲခန်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် ဆေးဝါးများ ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်မည့် ခွဲစိတ်ခန်းပါ သုံးထပ်အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာကိုလည်းကောင်း၊ အောင်ပန်းတိုက်နယ်ဆေးရုံ၌ အရေးပေါ်လူနာဌာန၊ အတွင်းလူနာဆောင်များနှင့် ခာတ်ခွဲခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းရှိ သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်မည့် သူနာပြုသင်တန်းကျောင်း၌ သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သူနာပြုသိပ္ပံအဆင့် မြှင့်တင်ခြင်းအတွက် ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်း (Skills Lab)၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ ထမင်းစားခန်း၊ သင်ကြားရေးခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ (၁၄)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ (၁၄)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဝင်ဆေးရုံများ အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံသောကုသမှုများ ဖြစ်စေရေးနှင့် သင့်တင့်မျှတသော ကုန်ကျစရိတ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ထိန်းညှိကြပ်မတ်ပေးစေလိုကြောင်း ပြောကြားသည်။

**ဆက်လက်ကျင်းပ**

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။



ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း အတွင်းရှိ သူနာပြုသင်တန်းကျောင်းအား သူနာပြုသိပ္ပံအဆင့် မြှင့်တင်နိုင်ရန်အတွက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းဆောင်ရွက်

ကလော မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြည်နယ် တီဘီတိုက်ဖျက်ရေးဌာနနှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၆ ရက်က ပွေးလှဲ့ရွှေကုန်းကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် တီဘီတိုက်ဖျက်ရေးဌာန၊ ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အောင်ပန်းတိုက်နယ်ကျေးလက်ကျန်းမာရေးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများက မြေခြားကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်ရှိ ပွေးလှဲ့ရွှေကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများအား တီဘီရောဂါရှာဖွေ စစ်ဆေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကျေးလက်နေပြည်သူ ၂၅၃ ဦးတို့အား ကျန်းမာရေး အခမဲ့ကွင်းဆင်းကြည့်ရှုကုသမှုပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# လွိုင်ကော်မြို့၌ ဘက်စုံပိုးမွှားကာကွယ်နည်း နည်းပညာပေးသင်တန်းဖွင့်လှစ်

လွိုင်ကော် မေ ၉

ကယားပြည်နယ် လွိုင်ကော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်းကို ယမန်နေ့က လွိုင်ကော်မြို့ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း ရှင်းလင်းဆောင်၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အယ်ဗလင်းက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများလိုက်နာရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ လွယ်ထွဲကျေးရွာ၊ ပဒါးညေးကျေးရွာ၊ စံပြ (၄) မိုင်ကျေးရွာနှင့် ဒေါမူကလားကျေးရွာတို့မှ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**မေစု(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် မေ ၉ ရက် နံနက်ပိုင်းက မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ စက်သုံးဆီဆိုင်၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုကို စစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



# ပဲခူးမြို့နယ်၌ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှု ကျန်ရစ်သူအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

ပဲခူး မေ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Panko Bago Co.,Ltd. အထည်ချုပ်စက်ရုံမှ အလုပ်သမားငါးဦး လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို အဆိုပါ အထည်ချုပ်စက်ရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်းကို ရှင်းလင်းပြောကြားပြီး ထိခိုက်သေဆုံးသူများအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) စုစုပေါင်းခွင့်ပြုငွေ ၄၃၅၆၆၃၀၅ ဒသမ ၅၀ ကျပ် ကို ကျန်ရစ်သူမိသားစုများထံသို့ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **ထက်အောင်လင်း(ပြန်/ဆက်)**






# သာယာဝတီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

သာယာဝတီ မေ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ပြည်တော်သာရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာယာဝတီခရိုင်ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်နှင့် မြို့နယ်ဦးစီးမှူး ဦးဝေမင်းသူတို့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ များအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှု ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံး အဆောက်အအုံသစ် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတောင်ပေါ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်လွှင့်စက်များဖြင့် ရုပ်သံထပ်ဆင့်ထုတ်လွှင့်နေမှုနှင့် FM လိုင်းများ ထုတ်လွှင့်နေမှုကိုကြည့်ရှုစစ်ဆေးကာပြည်သူများ အသိပညာတိုးပွားရေးနှင့် စိတ်လက်အပန်းပြေစေရေးအတွက် အစီအစဉ်ကောင်းများ ရိုက်ကူးထုတ်လွှင့်သွားရန်နှင့် ပြည်သူကို အကောင်းဆုံးအရည်အသွေးဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် မှန်ကန်တိကျသော သတင်းအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လက်တွေ့ကျသော အချက်အလက်များကို မီဒီယာမှတစ်ဆင့် သိရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာပေ ပိုမိုဖတ်ရှုလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ကြိုးစားသွားကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မန္တလေးဇုန်ရှိ သတင်း Studio ခန်း၌ သတင်းအစီအစဉ်များ ရိုက်ကူးတင်ဆက်ထုတ်လွှင့်မှု၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ပုံနှိပ်စက်ခန်း၌ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိမှုနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ရုံး Community Centerတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များအား တွေ့ဆုံ

နေပြည်တော် မေ ၉

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြား၍ တက်ရောက်လာသူများက ပြည်ပနိုင်ငံများမှ ခရီးသွားဈေးကွက် ရရှိရေးအတွက် ဈေးကွက်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော အင်းလျားလိတ်ဟိုတယ်၊ Hotel G နှင့် The Strand ဟိုတယ်တို့သို့ ကြည့်ရှုစစ်ဆေးပြီး အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများ ပေးနိုင်ရေး မှာကြားသည်။





ညနေပိုင်းတွင် “Yangon Heritage Night Run 2026” ၁၅ ကီလိုမီတာ ညအပြေးပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၅ ကီလိုမီတာပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးကာ ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တောင်သူများအား တွေ့ဆုံမှာကြားစဉ်။

**❂ ကရင်ပြည်နယ်မှ**

မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အနေဖြင့် နွေထယ်ရေးခံထားသော ဝါးဆူးကွင်း၌ သဘာဝမြေဩဇာထည့်သွင်းခြင်း၊ ထုံးထည့်သွင်းခြင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ခြင်းတို့ကို ကွင်းသရုပ်ပြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ပြီး တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာများ ကြဲပက်ထည့်သွင်းပေးကြသည်။

ထို့နောက် တောင်သူများအား အီးအမ်ရည်များနှင့် ပိုက်ဆံလျှော်မျိုးစေ့တင်း ၅၀ အခမဲ့ဖြန့်ဝေပေးပြီး စိုက်ပျိုးတောင်သူများ လက်ဝယ်အရောက် စက်သုံးဆီ (ဒီဇယ်) တစ်ဧက တစ်ဂါလန်နှုန်းဖြင့် ဆီဂါလန်ပေါင်း ၁၇၉၄ ဂါလန် ဖြန့်ဖြူးရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**❒ မြစ်သားမြို့နယ်မှ**

ထို့ပြင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ(မြေ၊ မျိုး၊ ပိုး) တာဝန်ခံဝန်ထမ်းများကလည်း မြို့နယ်အတွင်းရှိ တောင်သူများ နွေနှမ်းသီးနှံစိုက်ပျိုးရာတွင် တစ်ဧကေ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရေး မြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင်ရမည့်နည်းစနစ်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် အခြေခံသီးနှံစိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

မင်းလှ မေ ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၏၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းမှူး ဒေါ်နွယ်နီဦးက ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်မှု အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လယ်ယာကဏ္ဍထုတ်လုပ်မှု၊ စက်မှုကဏ္ဍထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍနှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီမံကိန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ဇလွန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

ဇလွန် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းတွင် မေရီလန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက် (၁၈) နှစ်နှင့်အထက် ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် E – ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံ–ဇလွန်(ပြန်/ဆက်)**

# ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး မွေးမြူရေးလုပ်ငန်းများတိုးမြှင့်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်



နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းသည် ဆင်လမ်းရေလှောင်တမံမှ ပိုလျှံရေများကို ထိန်းသိမ်းသိုလှောင်ပြီး ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်အတွက် ရေဂါလန် ၁၀ သိန်း ရေကူဖြည့်တင်းပေးနိုင်ရန်နှင့် ရပ်ကွက်ကြီး( ၉၊ ၁၆၊ ၁၇၊ ၁၈)တို့၏ အနာဂတ် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အပြင် ပိုလျှံရေများဖြင့် ဆင်လမ်းချောင်းဘေး ဝဲ၊ယာရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနစခန်း အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာမမွှာရုံ၌ လည်းကောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ နို့စားနွားနှင့် အသားတိုးနွား မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးဌာနမှ စီမံကူညီပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း တူးမြောင်းနှင့် လယ်ကြားမြောင်းများ တူးဖော်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၉

ပေါင်းလောင်းရေလှောင်တမံသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပေါင်းလောင်းရေလွှဲဆည်၏ လက်ဝဲ၊လက်ယာတူးမြောင်းမကြီးများမှတစ်ဆင့် မတ် ၁ ရက်မှ စတင်၍ ဌာနနှင့် တောင်သူများ ပူးပေါင်းကာ စိုက်ပျိုးရေအလေအလွင့်နည်းပါးစေရန် စနစ်တကျပေးဝေလျက်ရှိရာ နွေစပါး ၇၇၈၉ ဧကနှင့် နွေသီးနှံ ၂၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပေါင်းလောင်းရေလှောင်တမံ၏ မေ ၉ရက် သိုလှောင်ရေပမာဏမှာ ဧကပေ ၅၂၉၉၀ ဖြစ်ပြီး နွေစပါးနှင့် နွေသီးနှံ စိုက်ဧကများအတွက် စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မည်ဖြစ်သည်။

ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်း သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းစေရန်အတွက် လယ်ကြားမြောင်းများတူးဖော်ခြင်းနှင့် ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဌာနမှဝန်ထမ်းများနှင့် ရေအသုံးချတောင်သူအဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

TML

## သာစည်မြို့နယ်၌ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြ

သာစည် မေ ၉



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ (၁:၃)အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို မေ ၉ ရက် နံနက်ပိုင်းက ပေါက်ချောင်းကျေးရွာ တောင်သူဦးထွန်းထွန်းနိုင်နှင့် ဦးဟန်လင်းမြတ်တို့၏ နွေစပါးစိုက်ခင်းများ၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးက ယူရီးယားနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် ပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ(၁:၃) အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အောင်မြေသာစံမြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားကတ်များပြုလုပ်ပေး

မန္တလေး မေ ၉

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခြင်းမရှိသေးသည့် ပြည်သူများအား ရက် (၁၀၀)စီမံချက်ဖြင့် မေ ၆ ရက်က သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နေ့ချင်းပြီး UID (Unique ID) ကတ်ထုတ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကိုယ်ရေးအချက်အလက်များ Biometric စနစ်ဖြင့် ကောက်ယူကာ UID ကတ်နံပါတ်များကို တစ်နေရာတည်းတွင် နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

## မင်္ဂလာဒုံမြို့နယ်၌ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းမှ သင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၉

မင်္ဂလာဒုံမြို့နယ်၌ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်း အမှတ်စဉ် (၂)မှ သင်တန်းသားများက ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ တိရစ္ဆာန်အစာနှင့်ဆေးဝါး စံချိန်စံညွှန်းစစ်ဆေးရေး ဓာတ်ခွဲခန်းတို့တွင် မေ ၇ ရက်က လက်တွေ့ကွင်းဆင်း ဆောင်ရွက်ကြသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာတစ်နှစ်သင်တန်းကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်လျက်ရှိပြီး အမှတ်စဉ်(၂)မှ သင်တန်းသား သင်တန်းသူ ၅၂ဦး အနက် ၂၄ ဦးသည် ရန်ကုန်တိုင်းဒေသကြီးတွင် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့်ဆေးကုသပေးခြင်း၊ ပြည်သူလူထုအသိပညာပေးခြင်း၊ မေထုန်မဲ့သားစပ်ခြင်းနှင့် ဓာတ်ခွဲခန်းများတွင် လက်တွေ့လေ့လာဆောင်ရွက်ခြင်းတို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စံပြကွက်စိုက်ပျိုး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ညောင်ပင်ကျေးရွာအုပ်စု MGND Co.,ltd. စံပြကွက်၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ MGND Co.,ltd. အထွေထွေမန်နေဂျာက စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စံပြကွက် စိုက်ပျိုးနေမှုကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

## ငါးသိုင်းချောင်းမြို့၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်



ငါးသိုင်းချောင်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲ၊ စုပေါင်းကြဲပက်ပွဲနှင့် နည်းပညာပြန့်ပွားရေးဟောပြောပွဲကို ရေနံသာကျေးရွာ တောင်သူ ဦးအောင်မျိုးထက်၏ လယ်မြေ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပိုက်ဆံလျှော် မျိုးစေ့များကို တောင်သူများထံ ပေးအပ်ပြီး လယ်မြေအတွင်းသို့ စုပေါင်းကြဲပက်ခဲ့ကြသည်။

ထို့နောက် ကျေးရွာဓမ္မာရုံ၌ တောင်သူနည်းပညာပြန့်ပွားရေး ပိုးမွှားရောဂါနှင့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

# ရေသယံဇာတကို ထိန်းသိမ်းကာကွယ်ကြပါစို့

•••••• သန်းဇော် (ဗဟိုစာရင်းအင်းအဖွဲ့) ••••••

**ရေသည် အပင်နှင့် သတ္တဝါအားလုံးအတွက် အရေးပါဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး နေ့စဉ်အသက်ရှင်နေထိုင်မှုမှ စီးပွားရေးလုပ်ငန်းများအထိ မရှိမဖြစ်လိုအပ်သည်။ အိမ်ထောင်စုများ၊ လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် ရေကို များစွာအသုံးပြုကြရသည်။**

ပထမဦးစွာ ရေသည် သောက်သုံးရန်၊ အစားအစာချက်ပြုတ်ရန်၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးအတွက် လွန်စွာအရေးကြီးသည်။ ထို့အပြင် ရေသည် အစားအစာဖြည့်ဆည်းပေးနိုင်ရေး သီးနှံများထုတ်လုပ်ပေးသည့် လယ်ယာစိုက်ပျိုးရေး၏ အခြေခံရင်းမြစ်တစ်ခုဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းများတွင်လည်း ထုတ်လုပ်မှုလုပ်ငန်းစဉ်များတစ်လျှောက် အရေးကြီးသော ရင်းမြစ်ဖြစ်သည်။

မြန်မာ့ရိုးရာစကားပုံတွင် **"ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်"**ဟူသော စကားပုံက လူ့ဘဝတွင် အစားအစာနှင့် ရေတို့၏ အရေးပါမှုကြီးမားပုံကို နက်ရှိုင်းစွာဖော်ပြထားခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ လူတို့သည် ထမင်းမစားရပါက ခုနစ်ရက်ခန့်အထိ အသက်ရှင်နိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်ပင် မနေနိုင်ကြောင်းကို ဖော်ပြလိုခြင်းဖြစ်သည်။ ထို့ကြောင့် ရေသည် လူ့အသက်အတွက် အလွန်အရေးကြီးပြီး မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း သိမြင်နိုင်သည်။

ယနေ့ခေတ်တွင် သန့်ရှင်းသောရေကိုရရှိရန် မလွယ်ကူသည့် နေရာများစွာရှိနေသဖြင့် ရေ၏တန်ဖိုးကို ပိုမိုသဘောပေါက်ရမည်ဖြစ်သည်။ ရေကို မဖြုန်းတီးဘဲသုံးစွဲခြင်း၊ သဘာဝရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းတို့သည် လူတိုင်း၏တာဝန်ဖြစ်ပါသည်။ ရေကို တန်ဖိုးထားခြင်းသည် လူတစ်ဦးချင်းစီ၏ အသက်နှင့် အနာဂတ်အတွက် အရေးကြီးသော လုပ်ဆောင်မှုတစ်ရပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

**စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု**

ရေသည် စိုက်ပျိုးရေး၊ စွမ်းအင်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်ပြီး စီးပွားရေးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ရေအရင်းအမြစ်များ လုံလောက်စွာတည်ရှိခြင်းက ကုန်ထုတ်လုပ်မှုကို တိုးတက်စေပြီး ရေရှားပါးမှု သို့မဟုတ် ရေကြီးမှုများသည် ကဏ္ဍအသီးသီးကိုထိခိုက်စေ၍ စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုနှင့် အမြတ်အစွန်းကို လျော့နည်းစေသည်။

စီးပွားရေးအပေါ် ရေ၏အကျိုးသက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- **စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု –** ရေသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကအရင်းအမြစ်ဖြစ်ပြီး ရေလုံလောက်စွာရရှိခြင်းက စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေကာ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး (GDP) ကို မြှင့်တင်ပေးသည်။
- **စွမ်းအင်ထုတ်လုပ်မှု –** ရေအားလျှပ်စစ်စွမ်းအင်သည် နိုင်ငံအများအပြားအတွက် အဓိကစွမ်းအင်ရင်းမြစ်ဖြစ်ပြီး ရေလှောင်ကန်/တမံများတွင် ရေကိုလုံလောက်စွာ သိုလှောင်နိုင်မှသာ လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်မည်ဖြစ်သည်။
- **စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု –** စက်မှုလုပ်ငန်းများ၊ အအေးခန်းစက်ရုံများ၊ ရေသန့်စက်ရုံများနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရေသည် ကုန်ကြမ်းအနေဖြင့် တည်ရှိပါသည်။

> **❛ ရေအလေအလွင့်သည်လည်း ရေပြဿနာ၏ အရေးပါသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အိမ်ထောင်စုများတွင် ရေပိုက်ယိုစီးခြင်း၊ မလိုအပ်ဘဲ ရေကိုဖွင့်ထားခြင်းများကြောင့် ရေအလေအလွင့် ဖြစ်ပေါ်တတ်သည်။ ထို့အပြင် စက်မှုလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးတွင်လည်း ရေကို ထိရောက်စွာ အသုံးမပြုခြင်းကြောင့် ရေများကို အလေအလွင့်ဖြစ်စေ ❜**

- **သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှု –** မြစ်ချောင်းများ၊ ပင်လယ်ရေကြောင်းလမ်းများက ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှုအတွက် အရေးကြီးသော လမ်းကြောင်းများဖြစ်သည်။
- **ခရီးသွားလုပ်ငန်း –** ရေရှိသောနေရာများ (ကမ်းခြေ၊ ရေတံခွန်၊ ကန်များ) သည် ခရီးသွားလုပ်ငန်းကို တိုးတက်စေပြီး ဝင်ငွေတိုးတက်စေပါသည်။
- **ကျန်းမာရေးနှင့် လူမှုစီးပွားရေး –** သန့်ရှင်းသောရေသည် လူထုကျန်းမာရေးကို တိုးတက်စေပြီး အလုပ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သောကြောင့် စီးပွားရေးတိုးတက်မှုအပေါ် ကြီးမားသော အကျိုးကျေးဇူးကို ဖြစ်ပေါ်စေပါသည်။
- **စီးပွားရေးလုပ်ငန်းများ လည်ပတ်မှု –** ရေရှားပါးမှု သို့မဟုတ် ရေကြီးမှုများသည် စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုကို ထိခိုက်စေနိုင်ပြီး ရေရှည်တွင် အမြတ်အစွန်းကို လျော့နည်းစေသည်။

ထို့ကြောင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကောင်းမွန်ပါက စီးပွားရေးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

**ရေပြဿနာနှင့် ရေအလေအလွင့်**

ရေသည်လူသားများ၏အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သော သဘာဝအရင်းအမြစ်တစ်ခုဖြစ်သော်လည်း လူဦးရေတိုးပွားလာခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကြောင့် ရေပြဿနာများ ပိုမိုများပြားလာသည်။ ထိုပြဿနာများ၏ အဓိကအကြောင်းရင်းမှာ ရေအလေအလွင့် ဖြစ်ပေါ်နေခြင်းလည်း ပါဝင်နေသည်။

ရေပြဿနာဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ရေအရင်းအမြစ်များ ညီမျှစွာတည်ရှိမနေခြင်းဖြစ်ပါသည်။ အချို့ဒေသများတွင် ရေကိုလိုသည်ထက် ပိုရနေခြင်းဖြစ်ပေါ်နေချိန်တွင် အချို့ဒေသများတွင် ရေလုံလောက်စွာမရရှိခြင်း ဖြစ်ပေါ်နေသည်။ မိုးရွာသွန်းမှုပုံမမှန်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများသည်လည်း ရေရှားပါးမှုကိုဖြစ်ပေါ်စေသည်။ လူသားတို့၏ လုပ်ရပ်များသည်လည်း ရေပြဿနာဖြစ်ပေါ်မှုကို ပိုမိုဆိုးရွားစေသည်။ စက်မှုလုပ်ငန်းများမှ ထုတ်လွှတ်သော အညစ်အကြေးများကြောင့် ရေအရည်အသွေးကျဆင်းလာပြီး သောက်သုံးရန် မသင့်တော်သောအခြေအနေများ ဖြစ်ပေါ်လာသည်။ လယ်ယာစိုက်ပျိုးရေးတွင်လည်း ရေကို ဂရုတစိုက် အသုံးမပြုမှုများကြောင့် ရေရှားပါးမှုပိုမိုဖြစ်ပေါ်လာစေသည်။

**ရေအလေအလွင့်သည်လည်း ရေပြဿနာ၏** အရေးပါသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အိမ်ထောင်စုများတွင် ရေပိုက်ယိုစီးခြင်း၊ မလိုအပ်ဘဲ ရေကိုဖွင့်ထားခြင်းများကြောင့် ရေအလေအလွင့် ဖြစ်ပေါ်တတ်သည်။ ထို့အပြင် စက်မှုလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးတွင်လည်း ရေကို ထိရောက်စွာ အသုံးမပြုခြင်းကြောင့် ရေများကို အလေအလွင့်ဖြစ်စေသည်။

ရေအလေအလွင့်ကို လျော့နည်းစေရန် အရေးအကြီးဆုံးမှာ အသိပညာမြှင့်တင်ပေးခြင်း ဖြစ်သည်။ ရေကို စနစ်တကျအသုံးပြုခြင်း၊ ရေပိုက်ယိုစီးမှုများကို ပြုပြင်ခြင်းနှင့် ထိရောက်သော ရေစီမံခန့်ခွဲမှုများ ပြုလုပ်ခြင်းတို့ဖြင့် ရေအလေအလွင့်ကို လျော့နည်းစေနိုင်သည်။

> **❛ မြန်မာနိုင်ငံ၏ရေသယံဇာတများသည် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ရေပမာဏ မတည်ငြိမ်မှုကြောင့် အချို့ဒေသများတွင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက်ပင် ရေရရှိမှုနှင့် ရေထိန်းချုပ်မှုတို့တွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့လာရသည်။ သစ်တောပြုန်းတီးမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှင့် အမှိုက်စွန့်ပစ်မှုကဲ့သို့သော လူလုပ်အန္တရာယ်တို့ကြောင့် ရေမလုံလောက်ခြင်း၊ ရေညစ်ညမ်းခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းလာခြင်း ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရေကို စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းက အလွန်အရေးကြီး ❜**

ရေအလေအလွင့်သည် ရေရှားပါးမှုပြဿနာကို အားပေးနေသဖြင့် ရေသယံဇာတကို ထိန်းသိမ်းအသုံးချရန် လူတိုင်းတွင် တာဝန်ရှိပြီး စနစ်တကျစီမံခန့်ခွဲနိုင်ပါက ရေပြဿနာများကို လျော့နည်းစေနိုင်မည်ဖြစ်သည်။

**ရေစီမံခန့်ခွဲမှု**

ရှားပါးလာသော ရေကို စီမံခန့်ခွဲခြင်းသည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အားလုံးအတွက် အရေးကြီးသော ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ ရေကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် အောက်ပါနည်းလမ်းများ အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

**၁။ ရေသုံးစွဲမှုလျှော့ချခြင်း**

- ရေကို ချွေတာစွာသုံးစွဲခြင်း (ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေချိုးခြင်းတို့တွင် စနစ်တကျသုံးစွဲရန်)၊
- ယိုစိမ့်နေသောရေပိုက်များကို ပြုပြင်ခြင်း၊
- ရေအသုံးပြုမှု ထိရောက်စေသောပစ္စည်းများ (showerheads, low–flow taps) အသုံးပြုခြင်း။

**၂။ ပြန်လည်အသုံးပြုခြင်း**

- အဝတ်လျှော်ရေ၊ မိုးရေတို့ကို စိုက်ပျိုးရေး သို့မဟုတ် သန့်ရှင်းရေးအတွက် ပြန်သုံးခြင်း၊
- စက်ရုံများတွင် wastewater treatment စနစ် အသုံးပြုခြင်း။

**၃။ မိုးရေစုဆောင်းခြင်း**

- မိုးရေကို စုဆောင်းပြီး အသုံးပြုခြင်း၊
- ရေလှောင်ကန်များ တည်ဆောက်ခြင်း။

**၄။ စိုက်ပျိုးရေးတွင် ရေသက်သာနည်းများ**

- Drip irrigation (တစ်စက်ချင်းရေချ) စနစ် အသုံးပြုခြင်း၊
- သီးနှံစိုက်ပျိုးရာတွင် ရေကို စနစ်တကျ အသုံးပြုခြင်း၊
- မြေဆီလွှာကို စိုစွတ်အောင် မြေငွေ့ထိန်းအုပ်စနစ် (mulch) သုံးခြင်း။

**၅။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း**

- တောများကို ခုတ်ထွင်မှုမပြုဘဲ ထိန်းသိမ်းခြင်း၊
- ရေအရင်းအမြစ်များ (မြစ်၊ ရေကန်)ကို သန့်ရှင်းစွာထိန်းသိမ်းခြင်း။

**၆။ နည်းပညာအသုံးပြုခြင်း**

- ကောင်းမွန်သော ရေစီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်း၊
- ရေသုံးစွဲမှုကို စောင့်ကြည့်ပြီး စီမံခန့်ခွဲနိုင်သောစနစ်များ တည်ဆောက်ခြင်း။

**၇။ လူထုအသိပညာ မြှင့်တင်ခြင်း**

- ရေ၏တန်ဖိုးကို လူတိုင်း နားလည်စေရန် ပညာပေးခြင်း၊
- ကျောင်းများ၊ ရပ်ရွာများတွင် ဗဟုသုတမျှဝေခြင်းများ ပြုလုပ်ခြင်း။

ရေသည် မရှိမဖြစ်လိုအပ်သော သဘာဝအရင်းအမြစ်တစ်ခုဖြစ်သောကြောင့် လူတစ်ယောက်ချင်းစီမှစ၍ အစိုးရအဆင့်အထိ **စာမျက်နှာ ၇ သို့** ❋



## မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောက်တန်းစက်မှုနယ်မြေရှိ စက်ရုံလုပ်ငန်းလည်ပတ်နေမှု ကွင်းဆင်းကြည့်ရှု

မော်လမြိုင် မေ ၉

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လမြိုင်မြို့ ကျောက်တန်းရပ်ကွက် ကျောက်တန်းစက်မှုနယ်မြေရှိ NIPPON CONCRETE(Myanmar)Co.,Ltd. စက်ရုံ၌ ကွန်ကရစ်တိုင် ထုတ်လုပ်နေမှုအခြေအနေများနှင့် ကိုလှထွန်း ဧရာတ်သီးမှုန့်နှင့် အမှုန့်မျိုးစုံလုပ်ငန်း၊ ပြည်နယ်သားစတားစားသောက်ကုန်လုပ်ငန်း ပဲပြားစက်ရုံ၊ ပြည့်စုံ အလူမီနီယံ၊ လိပ်တံခါး၊ ဆီလီကွန်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ရေးအလုပ်ရုံ၊ ငွေမိုးကွန်ကရစ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်နယ်(ပြန်/ဆက်)



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် လယ်ဝေးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆန်နှင့် စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ သတ်မှတ် ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကာ သန့်ရှင်းရေးလာရောက် ဆောင်ရွက်သူများအား စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးပြီး ဆေးရုံအတွက်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

## အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံ၊ လမ်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ခြောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရက်(၁၀၀)စီမံချက်ဖြင့် မှုခင်းကျဆင်းရေး အသိပညာများဟောပြော

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့က ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့တွင် ဖော့ကန်ရပ်ကွက်၊ ဈေးကုန်း(အရှေ့)ရပ်ကွက်နှင့် ရွာမ(အရှေ့)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဟိန်းနှင့် အင်းစိန်မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်အေးတို့က သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများ၌ တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေးအသိပညာများ ဟောပြောခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



※ စာမျက်နှာ ၆ မှ

ပူးပေါင်းပြီး စီမံခန့်ခွဲမှသာ ရေရှားပါးမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ရေ**

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုအရင်းအမြစ်များထဲတွင် ရေသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပင်လယ်သမုဒ္ဒရာ၊ မြစ်များ၊ ချောင်းများ၊ ရေကန်များနှင့် မိုးရေများက မြန်မာပြည်၏ သဘာဝအလှအပနှင့် လူနေမှုဘဝကို အထောက်အကူပြုလျက်ရှိသည်။

မြန်မာ့ရေ၏ အဓိကအရင်းအမြစ်များ၌ ပင်လယ်ရေကြောင်းများလည်းပါဝင်ပြီး အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့သည် နိုင်ငံတကာနှင့် ကူးသန်းသွားလာရာတွင် များစွာအသုံးဝင်သည်။

ပြည်တွင်း အဓိကအရင်းအမြစ်များတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ ပါဝင်သည်။ ဤမြစ်ကြီးများက စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေဖြည့်တင်းပေးသကဲ့သို့ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍများကို ထမ်းဆောင်လျက်ရှိသည်။

**မြန်မာနိုင်ငံသည် ရေသယံဇာတပေါများစွာတည်ရှိသော်လည်း သောက်သုံးရေရရှိမှုတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများ ကြုံတွေ့လာနေပြီဖြစ်ပါသည်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်တို့က လူနေမှုဘဝ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် အရေးကြီးသည့် ရေထောက်ပံ့မှုကို ပေးနေသော်လည်း ရေပမာဏမတည်ငြိမ်မှုများ ဖြစ်ပေါ်လာနေသည်။**

လူဦးရေအများစုသည် လုံလောက်သောရေသန့်ရရှိမှု မပြည့်စုံသောကြောင့် ရေသုံးစွဲမှုအဆင့်တွင် ချို့တဲ့မှုများရှိနေသည်။ အချို့ဒေသများတွင် အာဆင်းနစ်ကဲ့သို့သော အဆိပ်အတောက်ပစ္စည်း ပါဝင်နေသည့်ရေသုံးစွဲရမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်သည်။

**မြန်မာနိုင်ငံ၏ရေသယံဇာတများသည် ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ရေပမာဏ မတည်ငြိမ်မှုကြောင့် အချို့ဒေသများတွင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက်ပင် ရေရရှိမှုနှင့် ရေထိန်းချုပ်မှုတို့တွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့လာရသည်။ သစ်တောပြုန်းတီးမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှင့် အမှိုက်စွန့်ပစ်မှုကဲ့သို့သော လူလုပ်အန္တရာယ်တို့ကြောင့် ရေမလုံလောက်ခြင်း၊ ရေညစ်ညမ်းခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းလာခြင်း ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရေကို စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းက အလွန်အရေးကြီးလာသည်။**

မြန်မာ့ရေသည် လူမှုဘဝ၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ရေကို မပြုန်းတီးစေဘဲ စနစ်တကျသုံးစွဲခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်း၊ ရေအရင်းအမြစ်များကို ညစ်ညမ်းမှု မဖြစ်စေရန် ကာကွယ်ခြင်းတို့ကို လုပ်ဆောင်ရမည်။ ရေသည် လူသားတို့အတွက် ရွှေထက်ပင်တန်ဖိုးရှိပြီး မရှိမဖြစ်လိုအပ်သည့် အရေးကြီးသယံဇာတဖြစ်သောကြောင့် ရေ၏တန်ဖိုးကို နားလည်ကာ ထိန်းသိမ်းကာကွယ်သွားမှသာ အနာဂတ်မျိုးဆက်များအထိ တည်တံ့နိုင်မည်ဖြစ်ပါသည်။ ။



## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း မိတ်ဆက်တွေ့ဆုံပွဲနှင့် ကမ်းလွန်အခြေစိုက်စခန်း တည်ဆောက်ခြင်းလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတက်ရောက်

**ပုသိမ် မေ ၉**

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ တာဝတိံသာဘုရားဝင်းအတွင်း၌ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပုသိမ်ဆိပ်ကမ်းပိုင်ကမ်းနယ် အမှတ်(၁)တံတားဝင်းချောင်းသာ-ငွေဆောင်-မော်တင် ကားဂိတ်များ ပြုပြင်ဆောက်လုပ်ရေးအတွက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI)တို့ မိတ်ဆက်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယမန်နေ့ ညနေပိုင်းကလည်း ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် မြင့်အင်(န်)အဆိုစီရိတ်(စ်) ကမ်းလွန်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်က ကမ်းလွန်ရေနံတွင်းများအတွက် ကမ်းလွန်အခြေစိုက်စခန်း တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး စက်ချုပ်သင်တန်းဖွင့်ပွဲ တက်ရောက်

**မကွေး မေ ၉**

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယကက သင်တန်းကာလအတွင်း အသုံးပြုမည့် သင်တန်းသုံးပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

သင်တန်းတွင် မကွေးမြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၁၅ ဦးအား မေ ၈ ရက်မှ ဇွန်၂၈ အထိ ၄၅ရက်ကြာ စာတွေ့၊လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး ထူးချွန်သည့် သင်တန်းသူငါးဦးအား ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကာ လုပ်ငန်းထူထောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**ကျောက်ပန်းတောင်း မေ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပြုလုပ်ပေးခြင်းကို မေ ၇ ရက်က စံပြရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

**လက်ဝယ်အရောက် ပေးအပ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်နှင့်အထက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များထုတ်ပေးရာ အသက်(၁၀) နှစ်ပြည့် ၂၂ ဦးနှင့် အသက်(၁၈)နှစ်နှင့်အထက် ၁၅ ဦး စုစုပေါင်း ၃၇ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပဲပုပ် ၁၄ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု ပညာပေးကွင်းသရုပ်ပြ

**ရပ်စောက် မေ ၉**

တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု ညောင်သုံးပင်ခြံတွင် ဒေသနှင့်ကိုက်ညီသော ပဲပုပ်မျိုးကောင်းမျိုးသန့်ရရှိစေရေးနှင့် တောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် မျိုး ၁၄ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မေ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။



ကွင်းသရုပ်ပြပွဲသို့ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အမှာစကား ပြောကြားကာ ပြည်နယ် သီးနှံကာကွယ်ရေး ပြည်နယ်မျိုးစေ့ တာဝန်ခံက တာဝန်ခံက ဘက်စုံကာကွယ်မျိုးအလိုက် ယှဉ်ပြိုင်ထားရှိမှု နှိမ်နင်းနည်းစနစ်၊ ပိုးသတ်ဆေးအပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများရှင်းလင်းခြင်း၊ ခြံဦးစီးမှူးက မျိုး ၁၄ မျိုး ယှဉ်ပြိုင်ထားရှိမှုအပေါ် ဆောင်ရွက်ထားရှိမှု အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

တောင်သူများအား စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုစေခြင်း၊ မေးမြန်းချက်အား ဖြေကြားခြင်း၊ တောင်သူနှစ်သက်သော မျိုးများရွေးချယ်စေခြင်း ဆောင်ရွက်ခဲ့ရာ GXSB 2025-5၊ AB-1301-4-1-1၊ GXSB 2020-3 မျိုးများကို ကြိုက်နှစ်သက်မှုရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ စိုက်ပျိုးရေးနည်းစနစ် နည်းပညာပေးသင်တန်းဖွင့်



**သရက်ချောင်း မေ ၉**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၇ ရက်က ရက်(၁၀၀)စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးသော တောင်သူများအား မိုးစပါးသက်နု(SRI)စိုက်ပျိုးရေး နည်းစနစ် နည်းပညာပေးသင်တန်း ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းက မျိုးစေ့အကုန်အကျသက်သာပြီး ပျိုးသက်နုနု စိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ခြင်း၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဓာတ်မြေသြဇာလျှော့ချသုံးစွဲနည်းလမ်းများကို ရှင်းလင်းဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ အခြေခံမွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေး ဟောပြော

**ကွမ်းခြံကုန်း မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းနှင့် အခြေခံမွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံမှုအသိပညာပေးဟောပြောပွဲကို အင်္ဂလုံးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြည်လင်းစိုးက အခြေခံမွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးအကြောင်းအရာများနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၉

တပ်မတော်က ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် ဓမ္မဝိစုအုပ်ဖိုလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်တွင် အခြေပြု၍ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်အပါး ၃၀ နှင့် ဒေသခံပြည်သူ ၈၅ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသခြင်း၊ Ultra Sound စက်ဖြင့်စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဝေါမြို့နယ်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်



ဝေါ မေ ၉

ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများက မေ ၉ ရက်တွင် ဝေါမြို့နယ် ညောင်ခါးရှည် တိုက်နယ်ဆေးရုံ၌ ရဟန်း၊ ရှင်၊ လူ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မင်းထွန်း၊ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်လွင်၊ ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် ကုသရေးဦးစီးဌာနမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူးတို့က လူနာစုစုပေါင်း ၃၀၀ ကျော်အား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားသည်။ ထို့နောက် အထူးကု ဆရာဝန်ကြီးများ၏ ဘာသာရပ်အလိုက် စမ်းသပ်ကုသပေးနေမှုကိုကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



# ဒလမြို့နယ်၌ ပျို့ရွယ်သူ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေး

ဒလ မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပျို့ရွယ်သူ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်ခိုင်ခိုင်မိုးက ပျို့ရွယ်သူလူငယ်များအတွက် မျိုးဆက်ပွား ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းပြီး ကျန်းမာရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

# လဲချားမြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး



လဲချား မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် သီရိဟံသာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း(လီမိတက်)၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ်အစည်းအဝေး ကျင်းပသည်။

လဲချားမြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း ဥက္ကဋ္ဌ ဦးစိုင်းသက်အောင်ဦးက အမှာစကားပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်းလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ သမဝါယမအသင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ အသင်းစည်းကမ်း ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းပြီး အသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုးငွေကျပ် ၉၀၉၁၇၀၀ နှင့် အစုပေါ်အမြတ်ငွေ ၉၇၆၇၁၁ ကျပ်တို့ကို အသင်းသားများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေး သင်တန်းဖွင့်

မြန်အောင် မေ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက အစိုးရအသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ တာဝန်များ၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ကပ်ပါးကောင်စသည်ဖြင့် ရောဂါဖြစ်စေသောအကြောင်းရင်းများနှင့်ရောဂါလက္ခဏာများ၊ပဋိဇီဝဆေးများ၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် အထောက်အကူပြုဆေးဝါးများ၊ သားသတ်လိုင်စင်ရလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ စသည့် သင်ခန်းစာများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

# ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်သည့် ရေရရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေး



မြောင်းမြ မေ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ရက်(၁၀၀)စီမံချက်အဖြစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အင်းမကျေးရွာအုပ်စု အစုလေးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေသန့်စင်စနစ်၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရေသန့်စင်စနစ် ရေရရှိရေးဆောင်ရွက်ပြီးပါက အိမ်ထောင်စု ၆၉ စု လူဦးရေ ၃၀၇ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငြိမ်းချမ်းရေးပန်းခင်းလမ်းသို့ အရောက်လှမ်းလာခဲ့ကြပါ

ကိုရေချမ်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ယနေ့အချိန်အထိတိုင်အောင် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေခဲ့သည်။ တွက်ကြည့်လျှင် နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးဘဲ ဆိုးဆိုးရွားရွား ရုန်းကန်နေရသည်မှာ မိမိတို့တစ်နိုင်ငံတည်းသာကျန်ရှိတော့သည်ဟု ဆိုလောက်သည်။

> **အကြိမ်ကြိမ်ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ အဖန်ဖန်ရောက်ရှိလာခဲ့သော်လည်း နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြသည်မှာ ရည်ရွယ်ချက် အမျိုးမျိုးရှိသည်။ မိမိတို့အချင်းချင်းမှာ တစ်နိုင်ငံတည်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြ၍ အစိုးရများက ငြိမ်းချမ်းရေးလမ်းကိုသာ ဇွဲမလျှော့ဘဲ ရွေးချယ်ခဲ့ကြသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းလျှင် စစ်ရေးနည်းလမ်းသာရှိတော့သည်။ ဥဿုံချစ်သီးနှစ်လုံးကိုထုလျှင် နှစ်လုံးစလုံးသာ ကြေမွပျက်စီးရမည်ကို သတိပြုသင့်သည်။ သို့မဟုတ် ခိုင်မာတောင့်တင်းသော ဥဿုံချစ်သီးမပြိုကွဲမပျက်စီးဘဲ မတောင့်တင်းသည့် ဥဿုံချစ်သီးကြေကွဲပျက်စီးရမည်ကို သတိပြုသင့်**

ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ဆွေးနွေးပွဲနည်း၊ စစ်ရေးနည်းတို့ဖြင့် ဖြေရှင်းခဲ့သော်လည်း ငြိမ်းချမ်းရေးကို အလျှင်းမရခဲ့ပေ။ လုံးလုံးလျားလျား မရခြင်းတော့မဟုတ်။ အခြေအနေအချိန်အခါ အလျောက် ပေါ်ချည်တစ်လှည့်၊ ငုပ်ချည်တစ်ခါ ဖြစ်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို လေ့လာကြည့်လျှင် ငြိမ်းချမ်းရေးကို လိုလားသူနှင့် မလိုလားသူ၊ စစ်ကိုမလိုလားသူနှင့် စစ်ကိုဖန်တီးသူတို့ အားပြိုင်လွန်ဆွဲကြသဖြင့် ပဋိပက္ခသံသရာရှည်ကြာနေသည်ကိုတွေ့ရသည်။

လက်နက်ကိုင်ဖြေရှင်းနည်းက တစ်ချိန်ချိန်တွင် နိဂုံးကမ္ပတ်အဆုံးသတ်ကြမြဲဖြစ်သည်ကို သမိုင်းစာမျက်နှာများတွင် အထင်အရှားတွေ့နိုင်သည်။ ဖြေရှင်းနည်းမှာ လက်နက်ဖြင့် အပြီးသတ်ဖြေရှင်းနည်းနှင့် ဆွေးနွေးခြင်းနည်းဖြင့် အပြီးသတ်ဖြေရှင်းနည်းဟူ၍ နှစ်မျိုးသာရှိသည်။ ငြိမ်းချမ်းရေးသည် ပြည်သူအားလုံး၏ ဆန္ဒဖြစ်သည်။ ပြည်သူအားလုံး၏ မျှော်လင့်ချက်ဖြစ်သည်။ အစိုးရ၏ အလိုလားဆုံးရည်မှန်းချက်ဖြစ်သည်။ တပ်မတော်၏ အလိုလားဆုံး ရည်မှန်းချက်ဖြစ်သည်။ ငြိမ်းချမ်းမှသာ အေးချမ်းမည်၊ ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မည်၊ ပြည်သူအားလုံး စိတ်ချမ်းသာမည်။ ခေတ်အဆက်ဆက်တွင် အစိုးရများက ငြိမ်းချမ်းရေးကို အမျိုးမျိုးအဖုံဖုံကြိုးပမ်းခဲ့သလို တိုင်းရင်းသားပြည်သူများကလည်း အမျိုးမျိုးအဖုံဖုံ တောင်းဆိုခဲ့သည်။ လက်နက်စွဲကိုင်ထားသူတို့က လက်နက်အားကိုးဖြင့် နိုင်ငံကိုလည်းမကြည့်၊ ပြည်သူကိုလည်းမငဲ့ညှာ၊ ၎င်းတို့၏ရည်မှန်းချက်ကိုသာ ရှေ့တန်းတင်ထားသည်။

## ငြိမ်းချမ်းရေးတောင်းဆို

အကြိမ်ကြိမ်ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ အဖန်ဖန်ရောက်ရှိလာခဲ့သော်လည်း နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးရှိသည်။ မိမိတို့အချင်းချင်းမှာ တစ်နိုင်ငံတည်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြ၍ အစိုးရများက ငြိမ်းချမ်းရေးလမ်းကိုသာ ဇွဲမလျှော့ဘဲရွေးချယ်ခဲ့ကြသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းလျှင် စစ်ရေးနည်းလမ်းသာရှိတော့သည်။ ဥဿုံချစ်သီးနှစ်လုံးကိုထုလျှင် နှစ်လုံးစလုံးသာ ကြေမွပျက်စီးရမည်ကို သတိပြုသင့်သည်။ သို့မဟုတ် ခိုင်မာတောင့်တင်းသော ဥဿုံချစ်သီး မပြိုကွဲမပျက်စီးဘဲ မတောင့်တင်းသည့် ဥဿုံချစ်သီးကြေကွဲပျက်စီးရမည်ကို သတိပြုသင့်သည်။

ဒီမိုကရေစီပထမအစိုးရလက်ထက်တွင် နိုင်ငံရေးရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထိုစဉ်က နိုင်ငံတော်သမ္မတ၏ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် နိုင်ငံရေးအင်အားစုများ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် ရည်ရွယ်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရာ၌ တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့သည့် တန်းတူညီမျှမှုကို အာမခံနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရေးဖြစ်သည်။

## ကောင်းကျိုးရလဒ်များ

ရည်ရွယ်ချက်မှာ လျော်ကန်သင့်မြတ်ကောင်းမွန်လှသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း သဘောတူညီကြသဖြင့် ငြိမ်းရေးလမ်းစပေါ်လာသည်။ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည် မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစပြုလုပ်ငန်းစဉ်ဖြစ်လာသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) မူချောကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အတည်ပြုနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးဖိတ်ခေါ်မှု ကောင်းကျိုးရလဒ်အနေဖြင့် NCA စာချုပ်ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်အဆင့်ဆင့် ပြုလုပ်နေဆဲကာလမှာပင် ပဏာမအပစ်အခတ်ရပ်စဲရေးစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများကို လျှော့ချနိုင်ခဲ့သည်။ ထိုသို့လျှော့ချနိုင်သဖြင့် လက်ငင်းအကျိုးရလဒ်အနေဖြင့် ပဋိပက္ခဖြစ်ပွားရာနယ်မြေများရှိ ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုဆိုသည့် ငြိမ်းချမ်းရေး၏ အနှစ်သာရ၊ အသီးအပွင့်နှင့် ကောင်းကျိုးရလဒ်များကို လက်တွေ့ခံစားကြရသည်။ လူသာစုခေါ်၊ နတ်သာစုခေါ်ဆိုရမည့် မင်္ဂလာသတင်းများဖြစ်သည်။ ပြည်သူအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

ဒုတိယဒီမိုကရေစီအစိုးရလက်ထက် (၂၀၁၆-၂၀၂၀)ကာလတွင်ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးစားပေးခြင်းကြောင့် EAO တို့အနေဖြင့် သံသယဖြစ်ပေါ်ပြီး ငြိမ်းချမ်းရေးအရှိန်အဟုန်လျော့ကျခဲ့သည်။ လွှတ်တော်တွင်း၌လည်း လုံခြုံရေးနှင့်သက်ဆိုင်သော အရေးကြီးသည့်ဥပဒေများကို ပယ်ဖျက်ခြင်း၊ ဒေသအရေး၊ ပြည်နယ်အရေးများကို မဲအများစုဖြင့် လွှမ်းမိုးလုပ်ဆောင်ခြင်းတို့ကြောင့် အစိုးရအပေါ် တိုင်းရင်းသားပြည်သူလူထု၏ ယုံကြည်မှုကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် တပ်မတော်က အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်ကို ထိန်းသိမ်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနှင့်မတ်လတွင် ဆန္ဒပြမှုများ၊ ထိုမှတစ်ဆင့် ဆူပူအုံကြွမှု၊ ထိုမှဆက်လက်၍ အကြမ်းဖက်မှုများ လုပ်ကိုင်လာပြီး လက်နက်ကိုင်တိုက်ခိုက်မှုအထိ ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးအချိန်မှ ယခုအချိန်အထိ လွတ်လပ်ရေး၏အနှစ်သာရကို အပြည့်အဝခံစားမှု မရခဲ့သေးပေ။ လွတ်လပ်ရေးရပြီးချိန်ကတည်းက ပယောဂအမျိုးမျိုးကြောင့် တိုင်းရင်းသားပြည်သူများ ဒုက္ခဆင်းရဲမျိုးစုံ တွေ့ကြုံခံစားနေရသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အပါအဝင် တည်ငြိမ်အေးချမ်းပြီး တိုးတက်လျက်ရှိသည့် နိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံနှင့် အင်အားချင်းတူ၊ လူဦးရေတူ၊ အကျယ်အဝန်းတူ၊ စီးပွားရေးအခြေအနေချင်းတူညီသည့်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံသည် များစွာနောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်သည်။

## ငြိမ်းချမ်းစွာအဖြေရှာ

ထိုသို့ နောက်ကျကျန်နေသည်မှာ ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုးဆုံးမှာ မိမိနိုင်ငံသားများအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတန်းပညာ အားနည်းနေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစမှ ယခုအချိန်အထိ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးကြုံခဲ့ကြသည်။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီးဖြစ်သည်။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီးဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ပြည်သူများက ပါတီစုံဒီမိုကရေစီ တောင်းဆိုမှုကြောင့် တပ်မတော်က လမ်းခင်းပုံဖော်ပေးခဲ့သည်။ တိုင်းရင်းသားအရေးနှင့်ပတ်သက်၍ နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင် တောင်းဆိုခြင်းသည် အကောင်းဆုံးဖြစ်သည်။ ယခုအခါ ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံသစ်ကို စတင်တည်ဆောက်နေပြီဖြစ်သည်။ တိုင်းရင်းသားအရေး၊ နိုင်ငံရေးလိုအပ်ချက်များကို ဒီမိုကရေစီနည်းလမ်းတကျ ငြိမ်းချမ်းစွာ အဖြေရှာတောင်းဆိုကြရမည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ဖြေရှင်းပေးမည့် လွှတ်တော်များလည်းရှိပြီး ဖြေရှင်းနိုင်မည့် အခြေအနေများလည်းရှိသဖြင့် ရက် ၁၀၀ ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်တော့မည်ဖြစ်သည်။ ဇူလိုင်လ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ တွေ့ဆုံဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဆောင်ရွက်ကြရန်ဖြစ်ပါသည်။ PDF များနှင့်ပတ်သက်၍ လက်ရှိတွင် အလင်းဝင်လာကြသူများလည်းရှိသည်။ ဆန္ဒရှိနေကြသူများလည်းရှိသည်။ ရက်ပေါင်း ၁၀၀ အတွင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ကြစေလိုပါသည်။ EAOs များနှင့်ပတ်သက်၍လည်း NCA လက်မှတ်ထိုးထားသူများရော လက်မှတ်မထိုးရသေးသူများပါ ငြိမ်းချမ်းရေးဆွေးနွေးကြဖို့ ဖိတ်ခေါ်ထားရာ နိုင်ငံတော်၏ရှေ့ရေး၊ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး၏ ရှေ့ရေးအတွက် အလေးအနက်ထား လက်ခံစေလိုပါသည်။

## ငြိမ်းချမ်းရေးအောင်မြင်ရေး

NCA စာချုပ်သည် လက်မှတ်ရေးထိုးထားသူများရော လက်မှတ်မထိုးသူများပါ သဘောတူထားသည့်စာချုပ်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်ရန် သဘောတူညီချက် (၄၃) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ EAOs များနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ ဘုံသဘောတူညီချက်(၄) အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုသဘောတူညီထားသည်။ လာမည့်ပြည်ထောင်စုလွှတ်တော်တွင် ယင်းတို့ကိုတင်ပြ၍ အပိုင်းလိုက်ဆွေးနွေးဆောင်ရွက်ပြီး ငြိမ်းချမ်းရေးကို အောင်မြင်အောင် ဆောင်ရွက်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မည်။ ရှေ့ကတည်ဆောက်လိုက်၊ နောက်ကဖျက်ဆီးလိုက်နှင့် တိုင်းပြည်သည် သမင်မွေးရင်း ကျားစားရင်း အဖြစ်ဆိုးများနှင့် ကြုံတွေ့နေရမည်ဖြစ်သည်။ မဖြစ်နိုင်သည်များကို တောင်းဆိုနေလျှင် နိုင်ငံတော်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရမည်သာဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ခံယူချက်အမျိုးမျိုးဖြင့် လက်နက်ကိုင်စွဲပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် PDF များအပါအဝင် EAOs များအနေဖြင့် နိုင်ငံတော်က ဖိတ်ခေါ်ကမ်းလှမ်းနေသော ငြိမ်းချမ်းရေးပန်းခင်းလမ်းသို့ အမြန်အရောက်လှမ်းလာ ကြစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မည်။ ရှေ့ကတည်ဆောက်လိုက်၊ နောက်ကဖျက်ဆီးလိုက်နှင့် တိုင်းပြည်သည် သမင်မွေးရင်း ကျားစားရင်းအဖြစ်ဆိုးများနှင့် ကြုံတွေ့နေရမည်ဖြစ်သည်။ မဖြစ်နိုင်သည်များကို တောင်းဆိုနေလျှင် နိုင်ငံတော်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရမည်သာဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ခံယူချက်အမျိုးမျိုးဖြင့် လက်နက်ကိုင်စွဲပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် PDF များအပါအဝင် EAOs များအနေဖြင့် နိုင်ငံတော်က ဖိတ်ခေါ်ကမ်းလှမ်းနေသော ငြိမ်းချမ်းရေးပန်းခင်းလမ်းသို့ အမြန်အရောက်လှမ်းလာကြစေလို**



## လူရည်ချွန်မောင်မယ်များ အင်းလေးကန်အတွင်း အထင်ကရနေရာများသို့ လေ့လာလည်ပတ်

ညောင်ရွှေ မေ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ ဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်စခန်းတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီက အင်းလေးကန်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ဦးစွာ ကေလာကျေးရွာရှိ ရေခြံစိုက်ပျိုးရေးလုပ်ငန်းကို လေ့လာလည်ပတ်ခဲ့ကြသည်။ ယင်းနောက် ဟဲယာရွာမကျေးရွာရှိ စိန်သမာဓိ ငွေပန်းထိမ်နှင့် ရိုးရာချည်ထည်၊ ပိုးထည်လုပ်ငန်းတို့သို့ သွားရောက်လေ့လာလည်ပတ်ရာ လုပ်ငန်းတည်ထောင်သူ ဦးစံလင်းက လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လူရည်ချွန်မောင်မယ်လေးများနှင့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ငွေပန်းထိမ်လုပ်ငန်းခွင်နှင့် ခင်းကျင်းပြသထားသည့် အရောင်းပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများနှင့် ရိုးရာအထည်များ ဝယ်ယူခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားရင်ပြင်တော်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာစားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## လူရည်ချွန်စခန်း (ချောင်းသာ) လူရည်ချွန်မောင်မယ်များ Sea & Lake အပန်းဖြေဥယျာဉ်သို့ သွားရောက်လေ့လာ

ချောင်းသာ မေ ၉

ဧရာဝတီတိုင်း ဒေသကြီး လူရည်ချွန်စခန်း ချောင်းသာမှ ၂၀၂၆ ခုနှစ်အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ်များသည် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဥယျာဉ်သို့ ဒေသန္တရဗဟုသုတ လေ့လာရေးခရီးစဉ် သွားရောက်သည်။



ယင်းနောက် ဒီရေတောတံတား၊ အပျော်စီးလှေဆိပ်၊ ကျောက်စိမ်းပြတိုက်၊ ပန်းပုပြတိုက်၊ ကလေးကစားကွင်း၊ ကျောက်စိမ်းဥယျာဉ်၊ Sea&Lake Water park အစရှိသည့်နေရာများကို ကြည့်ရှုလေ့လာ၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ ပျော်ရွှင်စွာ လုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ချောင်းသာမြို့ ရွှေသာယာမြို့မဈေးသို့ သွားရောက်ကာ ဒေသထွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပြင်ဦးလွင် လူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများ ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာ

ပြင်ဦးလွင် မေ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၆ ဦးတို့သည် ယနေ့နံနက် ၇ နာရီတွင် နောင်ချိုမြို့နယ် ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာသည်။



အဆိုပါ ဂုတ်ထိပ်တံတားကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် ဂုတ်ထိပ်တံတား (ဂုတ်ထိပ်)ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ထွက်ခွာကြသည်။

### ကြည့်ရှုခံစား

ဂုတ်ထိပ်တံတားသည် ပြင်ဦးလွင်မြို့နယ် အနီး မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်ကာ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိပြီး ပြည်တွင်း ခရီးသွားများ၊ နိုင်ငံခြားသားခရီးသွားများ အတွက် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝများကို စိတ်ဝင်စားဖွယ် ကြည့်ရှုခံစားနိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကန်ကြီးထောင့်မြို့နယ်၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ)မျိုးစေ့ပေးအပ်

ကန်ကြီးထောင့် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲအခမ်းအနားကို ယမန်နေ့က ကွင်းယားကြီးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များက တောင်သူများထံ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မျိုးစေ့များအား ပေးအပ်ခဲ့ပြီး ကွင်းယားကြီးကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၈၇(ဂ)၊ ဦးပိုင်အမှတ် ၄/စ၊ တောင်သူ ဒေါ်သီတာ၏ လယ်ရှစ်ကေ၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) မျိုးစေ့များအား တစ်ကေလျှင် လေးပြည်နှုန်းဖြင့် ကြဲပက်ခဲ့ကြသည်။

လယ်ယာမြေများတွင် ပိုက်ဆံလျှော် စိုက်ပျိုး၍ လယ်မြေအတွင်းသို့ သစ်စိမ်းမြေဩဇာအဖြစ် ထည့်သွင်းခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

## လူရည်ချွန်မောင်မယ်များ ယုဇနပုဇွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်း လေ့လာ

ငွေဆောင် မေ ၉

လူရည်ချွန်စခန်း(ငွေဆောင်)မှ ၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန် မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်ဒေသရှိ ယုဇနပုဇွန်မွေးမြူရေး လုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်း သို့ဒေသန္တရဗဟုသုတလေ့လာရေး သို့ သွားရောက်ကြသည်။



ဦးစွာ ငွေဆောင်မြို့ရှိ IFD ပုဇွန်မွေးမြူရေးလုပ်ငန်းတွင် နည်းစနစ်တကျမွေးမြူထားရှိမှုနှင့် လုပ်ငန်းသုံးပစ္စည်းပြခန်းများကို စိတ်ဝင်စားစွာလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ငွေဆောင်အပန်းဖြေဆင်စခန်းကို လေ့လာကြပြီး ဆင်လိမ္မာကြီးက လူရည်ချွန်မောင်မယ်များအား ပန်းခြင်းပေး၍ ကြိုဆိုခြင်း၊ ဘောလုံးကန်သရုပ်ပြသခြင်းကို ကြည့်ရှုအားပေး၍ ဆင်လိမ္မာလေးများကို အစာကျွေးခြင်း၊ ဆင်စီးခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် မြို့မလမ်းရှိ ငွေဆောင်မြို့ဈေးတန်းသို့ သွားရောက်၍ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ လက်ဆောင် ဝယ်ယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

မော်လမြိုင်ကျွန်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးဘေး၌ ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် မိမိတို့နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများ စနစ်တကျထားရှိရန်၊ မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန်၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းပျက်စီးနေပါက အသုံးမပြုကြရန် ရပ်ကွက်နေပြည်သူများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။



ရဲကိုမောင်(ပြန်/ဆက်)

# ရုရှားနိုင်ငံ အောင်ပွဲနေ့ စစ်ရေးပြချီတက်ပွဲအခမ်းအနား ကျင်းပ




အောင်ပွဲနေ့ချီတက်ပွဲအခမ်းအနားကို ၁၉၉၅ ခုနှစ်မှ စတင်ကာ နှစ်စဉ် မေ ၉ ရက်တွင် ကျင်းပ ပြုလုပ်လျက်ရှိသည်။ ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်

**မော်စကို မေ ၉**

ရုရှားနိုင်ငံက ၎င်း၏ နှစ်ပတ်လည် အောင်ပွဲနေ့ စစ်ရေးပြ ချီတက်ပွဲအခမ်းအနားကို ရင်ပြင်နီ၌ ယနေ့တွင် ကျင်းပသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီနှင့် ၎င်း၏မဟာမိတ်များအား ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည့် စစ်ပွဲတွင် အနိုင်ရရှိခဲ့သည့် (၈၁) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အဆိုပါ အောင်ပွဲနေ့သည် နိုင်ငံ၏ မြင့်မြတ်ပြီး အရေးအကြီးဆုံးနေ့ရက်ဖြစ်ကြောင်း ချီတက်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့သည်။

စစ်ပွဲ၏ အဖြစ်အပျက်များကို အမှတ်ရနေသည့်အပြင် ၎င်း၏သမိုင်းကြောင်းနှင့် သူရဲကောင်းများကို အောက်မေ့သတိရခြင်းသည် နိုင်ငံနှင့်ပြည်သူများအတွက် ဂုဏ်ယူစရာကိစ္စတစ်ခုဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ဆိုဗီယက်တပ်ဖွဲ့များက ဥရောပပြည်သူများ၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာအတွက် ကြီးမားသော စတေးမှုကို ပြုလုပ်ခဲ့ကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)၏ လက်နက်တပ်ဆင်ပံ့ပိုးမှုရရှိထားသော ရန်လိုသည့် အင်အားစုတစ်ခုနှင့် ထိပ်တိုက်ရင်ဆိုင်နေရကြောင်း သမ္မတပူတင်က ပြောကြားသည်။

အဆိုပါ ချီတက်ပွဲအခမ်းအနားတွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်း သိရသည်။

အခမ်းအနားပြီးနောက် သမ္မတပူတင်နှင့် နိုင်ငံ့ခေါင်းဆောင်များက Alexander Garden ရှိ အမည်မသိ တပ်မတော်သား ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေများ ချကြသည်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်

**ဝါရှင်တန် မေ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လာမည့်သီတင်းပတ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ တရုတ်ခရီးစဉ်ကို မတ်လနှောင်းပိုင်းတွင် စီစဉ်ထားသော်လည်း အရှေ့အလယ်ပိုင်း မတည်ငြိမ်မှုများကြောင့် မေ ၁၄ နှင့် ၁၅ ရက်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် သမ္မတ ထရမ့်၏ ပထမသမ္မတသက်တမ်း ၂၀၁၇ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်အောက်တိုဘာလတွင် ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APEC) ညီလာခံ၏ ပြင်ပအစည်းအဝေး၌ နောက်ဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးအပါအဝင် ဒေသတွင်းနှင့် အရှေ့အလယ်ပိုင်းအရေးကိစ္စတို့ကို ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်-ဥရောပ မီးရထားအမြန်လမ်းဝန်ဆောင်မှု၏ ၁၃၀၀၀၀ မြောက် ခရီးစဉ် ယနေ့ မှတ်တမ်းတင်နိုင်ခဲ့

**ပေကျင်း မေ ၉**

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှု၏ ၁၃၀၀၀၀ မြောက် ခရီးစဉ်ကို ယနေ့ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်၏ မြို့တော် ကျန့်ကျိုးမြို့မှ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထွက်ခွာသည့် ကုန်တင်ရထားသည် အဆိုပါ ခရီးစဉ်ကို မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှုမှတစ်ဆင့် ကုန်စည်ပို့ဆောင်မှု စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၂၀ ကျော်ရှိကြောင်း တရုတ်နိုင်ငံပိုင် မီးရထားအုပ်စုကုမ္ပဏီက ပြောကြားသည်။

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှု၏ လမ်းကြောင်းများကို ဆက်လက်ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခဲ့ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်သော ပုံမှန်လမ်းကြောင်း ၉၃ ခုကို သတ်မှတ်ထားကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

လက်ရှိတွင် တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှုကို တရုတ်နိုင်ငံအတွင်းရှိ မြို့ပေါင်း ၁၂၉ မြို့တွင် ပြေးဆွဲလျက်ရှိပြီး ဥရောပနိုင်ငံ ၂၆ နိုင်ငံရှိ မြို့ ၂၃၅ မြို့နှင့် အာရှနိုင်ငံ ၁၁ နိုင်ငံရှိ မြို့ပေါင်း ၁၀၀ ကျော်ကို ချိတ်ဆက်ထားကြောင်း သိရသည်။




လက်ရှိတွင် ရထားလမ်းကြောင်းများက ကုန်စည်အမျိုးအစားပေါင်း ၅၀၀၀၀ ကျော်ကို ပို့ဆောင်ပေးလျက်ရှိသည်။

အဓိက ပို့ကုန်များမှာ မော်တော်ကားနှင့် မော်တော်ကား အစိတ်အပိုင်းများ၊ စက်ယန္တရားများ၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းများကဲ့သို့ တန်ဖိုးမြင့်ကုန်ပစ္စည်းများ ပါဝင်သည်။ အလားတူ တရုတ်နိုင်ငံသို့ တင်သွင်းသော ကုန်ပစ္စည်းများမှာ ကျွန်းသစ်၊ ပျော့ဖတ်၊ အထူးစိုက်ပျိုးရေးထွက်ကုန်များနှင့် နေ့စဉ်လူသုံးကုန်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂျပန်ကားကုမ္ပဏီ ဟွန်ဒါမော်တာ ကနေဒါနိုင်ငံ၌ လျှပ်စစ်ကားစက်ရုံ တည်ဆောက်မည့်အစီအစဉ် အကန့်အသတ်မရှိ ရပ်ဆိုင်းမည်

**အော့တဝါ မေ ၉**

ဂျပန်ကားကုမ္ပဏီ ဟွန်ဒါမော်တာက ကနေဒါနိုင်ငံ၌ လျှပ်စစ်ကားစက်ရုံတည်ဆောက်မည့် အစီအစဉ်ကို အကန့်အသတ်မရှိရပ်ဆိုင်းမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ယနေ့ပြောကြားသည်။

ကားကုမ္ပဏီက ၎င်း၏ မြောက်အမေရိကဈေးကွက်တွင် ကြီးမားသော အရှုံးပေါ်ခဲ့ပြီးနောက် လျှပ်စစ်ကားစက်ရုံတည်ဆောက်မည့် မဟာဗျူဟာကို ပြန်လည်သုံးသပ်လျက်ရှိသည်။

ဟွန်ဒါ ကားကုမ္ပဏီက ၂၀၂၄ ခုနှစ် ဧပြီလတွင် ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ်တွင် လျှပ်စစ်ကားစက်ရုံနှင့် ဘက်ထရီစက်ရုံတစ်ခု ဆောက်လုပ်ရန် စတင်စဉ်းစားခဲ့သည်။ မြောက်အမေရိကဈေးကွက်တွင် လျှပ်စစ်ကားဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

၂၀၂၈ ခုနှစ်တွင် ကားစက်ရုံကို စတင်လည်ပတ်ရန် ရည်မှန်းထားသော်လည်း လျှပ်စစ်ကားဝယ်လိုအား ကျဆင်းမှုကြောင့် ထုတ်လုပ်မှုကို နှစ်နှစ်ခန့် ရွှေ့ဆိုင်းရန် ယမန်နှစ်က ဆုံးဖြတ်ခဲ့သည်။

ဟွန်ဒါက ၎င်း၏ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံအထိ အရှုံးပေါ်နိုင်ကြောင်း ခန့်မှန်းတွက်ချက်ပြီး လျှပ်စစ်ကားစက်ရုံတည်ဆောက်မည့် အစီအစဉ်ကို ပြန်လည်သုံးသပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဟိုက်ဘရစ်များထုတ်လုပ်ရန် စီစဉ်နေပြီး မြောက်အမေရိကဈေးကွက်အတွင်းသို့ မော်ဒယ်သစ်များ မိတ်ဆက်ရန် ရည်မှန်းထားသည်။

ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသည့် နည်းပညာအပေါ် အခြေခံပြီး လျှပ်စစ်ကားများကို ဆက်လက်တီထွင်သွားမည်ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဟစ်ဇ်ဘိုလာ အဆောက်အအုံ ၈၅ ခုကျော်ကို လေကြောင်းမှ တိုက်ခိုက်

**ဂျေရုဆလင် မေ ၉**

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) က လက်ဘနွန်ရှိ ဒေသအများအပြား၌ ဟစ်ဇ်ဘိုလာ အဆောက်အအုံ ၈၅ ခုကျော်ကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပစ်မှတ်များအနက် ဟစ်ဇ်ဘိုလာအသုံးပြုသည့် လက်နက်သိုလှောင်ရုံများ၊ လောင်ချာများနှင့် အဆောက်အအုံများ ပါဝင်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

**ပြောကြား**

ထို့ပြင် လက်ဘနွန်အရှေ့ပိုင်း ဘတ်ကာတောင်ကြား၌ ဟစ်ဇ်ဘိုလာတို့ အသုံးပြုခဲ့သည့် လက်နက်ထုတ်လုပ်သော မြေအောက်နေရာတစ်ခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အလားတူ လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးတပ်ဖွဲ့ဝင်များအား ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည့် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များကိုလည်း စစ်ဆင်ရေးဆင်နွှဲခဲ့ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့က လက်ဘနွန်တောင်ပိုင်းရှိ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ ထိန်းချုပ်ထားသော လုံခြုံရေးဇုန်အတွင်း တာဝန်ထမ်းဆောင်နေသည့် အစ္စရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ဒုံးကျည်များ ပစ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်များသည် အစ္စရေးတပ်ဖွဲ့ဝင်များအနီးတွင် ကျရောက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့၌ ငွေကျပ်သိန်း ၁၂၀၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ်၂၉၂ ဒသမ ၅ သိန်း၊ ကလေးဝမြို့၌ ငွေကျပ်သိန်း ၁၂၀၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမြို့နယ် ဈေးကုန်းကျေးရွာနေ ဦးသက်(ခ)ဝင်းကို(၄၆)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မယဉ်ဝင်းမြိုင်(ခ)မကြီး(၄၂)နှစ် လိုက်ပါလာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၂ ဒသမ ၅ သိန်း) သိမ်းဆည်းရမိသဖြင့် ဦးသက်(ခ) ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ) မကြီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်



တရားခံ ဦးသက်(ခ)ဝင်းကိုနှင့် မယဉ်ဝင်းမြိုင်(ခ)မကြီးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းအရ ကလေးဝမြို့ အမှတ်(၂)ရပ်ကွက် အောင်မင်္ဂလာလမ်းတွင် ကလေးဝမြို့နယ် အုန်းပင်စုရွာနေ စိုးလင်းမင်း(၂၃)နှစ် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၂၀) သိမ်းဆည်းရမိသဖြင့် စိုးလင်းမင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၃) ရပ်ကွက် မန္တလေးလမ်းနှင့် စစ်တွေလမ်းထောင့်တွင် လမ်းလျှောက်လာသူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်နေ လှိုင်မျိုးကျော်(ခ)ကျော်ကြီး(၃၈)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀) သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀ ထပ်မံသိမ်းဆည်းရမိသဖြင့် လှိုင်မျိုးကျော်(ခ) ကျော်ကြီးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



## ဗဟန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်UID ကတ်မရှိသေးသူများအား လူမှုဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗဟန်းမြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဗဟန်းမြို့နယ်(လဝက) ဦးစီးမှူး ဦးခင်မောင်သန်းဦးစီး၍ ဝန်ထမ်းများက ရွှေတောင်ကြား(၁၂)ရပ်ကွက်မှ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသည့် ပြည်သူများနှင့် ဆရာစံရပ်ကွက်မှ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသည့် ပြည်သူများအားUnique ID နံပါတ် UID Card ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ညောင်ရွှေမြို့နယ်၌ နှံစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ ရောင်နီဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ရက် (၁၀၀)စီမံချက်ဖြင့် အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် နှံစပါးစိုက်ခင်းအား မေ ၉ ရက်တွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး



ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက သမဝါယမကဏ္ဍမှ ရက် (၁၀၀) စီမံချက်ဖြင့် နှံစပါးစိုက်ပျိုးရာတွင် စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်စေရန်နှင့် သွင်းအားစုများ စနစ်တကျသတ်မှတ်ရက်အတိုင်း အချိန်ကိုက်ကျွေးရန် လိုအပ်ပြီး လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိရေးအတွက်လည်း သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

## သန်လျင်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သန်လျင်ခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်လေးမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၇ ရက်တွင် သန်လျင်မြို့ရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အခမ်းအနားတွင် ရက်(၁၀၀)စီမံချက်ဖြင့်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ခြောက်ရွာအတွက် တစ်ရွာလျှင်ကျပ်သိန်း ၁၅၀ ဖြင့် ကျပ်သိန်း ၉၀၀ တို့ကို သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံ သန်လျင်ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတို့က လွှဲပြောင်းပေးအပ်သည်။

အဆိုပါရန်ပုံငွေများဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း တစ်ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ခြောက်ရွာ၊ သန့်ရှင်း၍ ဘေးကင်းသောသောက်သုံးရေ လုံလောက်မှုတစ္စာ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်း ၁၁ ခုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအရောက် အထောက်အကူပြုသင်တန်း နှစ်ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့ပျက်စီးသွားသည့် ဓာတ်အားလိုင်းတိုင်များ ပြန်လည်တည်ဆောက်ပြီးစီး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် မေ ၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ငါးပိ/ ငါးခြောက် ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသည့် ဓာတ်အားလိုင်း တိုင်လေးတိုင် ကျိုးပဲ့ပျက်စီးသွားခဲ့သဖြင့် စက်မှုဇုန်(၂)ရှိ အလုပ်ရုံငါးရုံ ယာယီဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရုံးချုပ်၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားအမြန် ပြန်လည်ရရှိရေးအတွက် ပျက်စီးသွားသည့် ဓာတ်အားလိုင်းနှင့် တိုင်များကို အစားထိုး တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ ည ၇ နာရီ မိနစ် ၄၀ တွင် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ချစ်ဆောင် YESC



## ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ မေ ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၈ ရက်က ကွမ်ရိုက်ကျေးရွာ ကျိုက်တမော့လဲစေတီ ဓမ္မာရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်ဦးစီးမှူး ဦးကောင်းပြည့်ကျော်နှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်းနှင့် UID ကတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

■

# အမွေအနှစ်မှသည် အမြတ်အစွန်းဆီသို့ - ယဉ်ကျေးမှုခရီးသွားလုပ်ငန်း၏ စွမ်းပကား

စည်သူကျော်

**မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကိုယ်ပိုင်ဘာသာစကား၊ ဓလေ့ထုံးစံ၊ အစားအစာ၊ ဝတ်စားဆင်ယင်မှု၊ အတီးအမှုတ် အကအခုန်၊ အနုပညာတို့မှ အစပြု၍ သမိုင်းအမွေအနှစ်ဘာသာရေးအဆောက်အအုံ၊ လူနေမှုပုံစံ စသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ဖြစ်တည်မှုတို့သည် ခမ်းနားကြွယ်ဝသော ယဉ်ကျေးမှုပုံစံအသွင်ဖြင့် တည်ရှိလျက်ရှိပါသည်။**

ယင်းယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသော ခရီးသွားလုပ်ငန်းပုံစံတစ်ရပ်သည် ရှေးမဆွကပင် မြန်မာနိုင်ငံ၌ အထင်အရှားပေါ်ပေါက်ဖွံ့ဖြိုးလျက်ရှိပါသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်းမျက်နှာစာ၌ တင်ဆက်ရာတွင် မြန်မာနိုင်ငံသည် အစဉ်အလာအားဖြင့် ယဉ်ကျေးမှုခရီးစဉ်ဒေသအဖြစ် ထင်ရှားသည် (Myanmar is traditionally known as cultural destination) ဟု မိတ်ဆက်ကြော်ငြာကြပါသည်။


**ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်အသွင်ဆောင်လျက်ရှိ**

ခရီးသွားလုပ်ငန်းနယ်ပယ်၌ မြန်မာဟုဆိုလိုက်လျှင် ပုဂံကို ပြေးမြင်မိသကဲ့သို့ မန္တလေး၊ စစ်ကိုင်း စသည်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို မျက်ဝါးထင်ထင် မြင်တွေ့ခံစားနိုင်သည့် ကမ္ဘာသိခရီးစဉ်ဒေသများ၊ သမိုင်းကို ပြန်ပြောင်းအမှတ်ရစေသည့် ရန်ကုန်မြို့ရှိ ကိုလိုနီခေတ်အဆောက်အအုံများက ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်အသွင်ဆောင်လျက်ရှိနေပါသည်။ ထိုမှတစ်ဆင့် မြန်မာပြည်တစ်ဝန်းမှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ဒြပ်မဲ့ယဉ်ကျေးမှုများကလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနယ်ပယ်၌ မှတ်ကျောက်တင်ခံပြီးဖြစ်နေပါပြီ။

မြန်မာနိုင်ငံသာမက ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသော ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့ပိုင်ဆိုင်ထားသော ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာသို့ချပြမိတ်ဆက်ကြော်ငြာခြင်း၊ အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရန် ကြိုးပမ်းခြင်း စသည်တို့ဖြင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်း၊ အမွေအနှစ်ခရီးသွားလုပ်ငန်းအမျိုးအစားများက နိုင်ငံအသီးသီးတို့၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် မပါမဖြစ် ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ရပ်ဖြစ်နေပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလေ့လာလိုလျှင် ထိုနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် အမွေအနှစ်စာရင်းဝင်တို့ကိုလေ့လာသင့်သည်ဟု ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ဆွေးနွေးခဲ့ကြသည်ကို မှတ်သားကြားနာခဲ့ရဖူးပါသည်။

ပုဂံသို့ ဘုရားဖူးသွားစဉ်က ဧရာဝတီမြစ်ကမ်းနဖူးတွင် သပ္ပာယ်တင့်တယ်စွာတည်ရှိနေသော ဗူးဘုရားအား မြစ်အတွင်း သမ္ဗန်ပေါ်မှ ကြည်နူးငြိမ်းအေးစွာ လှမ်းမြော်ဖူးမြင်နေရသည်။ ဘုရားခြေတော်ရင်းမှ ဧရာဝတီမြစ်ရေသည် အလျဉ်မပြတ်စီးဆင်းလျက်ရှိသည်။ ခရီးသွားလုပ်ငန်းဘာသာရပ်ကို ပညာရပ်ဆိုင်ရာအဆောက်အအုံများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပို့ချလာနေသောအခါ ခရီးသွားလုပ်ငန်း၏ ဗဟုသဘောဆောင်မှုကို တင်ပြလာကြသည်။ ခရီးသွားလုပ်ငန်းသည်လည်း အလျဉ်မပြတ်စီးဆင်းသောမြစ်ရေကဲ့သို့ အပြောင်းအလဲမြန်ဆန်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းက စီးပွားရေးသဘောဆောင်သည်။ ငြိမ်းချမ်းရေးသဘောဆောင်သည်။ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်နိုင်သော သဘောဆောင်သည်။ အမျိုးသမီး၊ လူငယ်လူရွယ်များနှင့်အခွင့်အရေးကို လက်လှမ်းမမီသူများအတွက် အခွင့်အလမ်းသဘောကိုဆောင်သည်။

သတင်းအချက်အလက်နှင့် နည်းပညာခေတ်၊ ဒစ်ဂျစ်တယ်ခေတ်သို့အရောက်တွင်လည်း ခရီးသွားလုပ်ငန်းက ခေတ်နှင့်အညီ လိုက်ပါစီးမျောကူးခတ်နေသည်။ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းသည်လည်း ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲနေပါသည်လော။ ဤနေရာ၌ "ယဉ်ကျေးမှု"နှင့် "ခေတ်နှင့်အညီ" ဆိုသော စကားလုံးနှစ်လုံးသည်



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ထီးလိုမင်းလိုဘုရားကြီးသို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။

ဒွိဟဖြစ်ဖွယ်။ ယင်းကို ခရီးသွားလုပ်ငန်းဆိုင်ရာ အွန်လိုင်းစကားဝိုင်းဆွေးနွေးပွဲတစ်ခုတွင် ထည့်သွင်းဆွေးနွေးသွားသည်ကို ကြားမိလိုက်သည်။ ဒစ်ဂျစ်တယ်ခေတ်၌ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကို ဖော်ဆောင်ခြင်းသည် ရှေးရိုးစွဲ (Conservative) ဖြစ်/ မဖြစ်ဟူသော အယူအဆဖြစ်သည်။

ကနဦးအစတွင် ရှေးရိုးစွဲနှင့် အစဉ်အလာကို ထိန်းသိမ်းခြင်းဟူသော စကားရပ်တို့နှင့် ထွေပြားခြင်းပေလောဟု စဉ်းစားရသည်။ သို့သော် ဒစ်ဂျစ်တယ်ခေတ်သို့သွားနေချိန်တွင် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကို ပြန်လည်ဖော်ထုတ်ခြင်းသည် ရှေးရိုးအစဉ်အလာသို့ ပြန်သွားခြင်း (တစ်နည်း ခေတ်နောက်ပြန်ဆွဲခြင်း) ပေလောဟု ဆွေးနွေးခြင်းပင်ဖြစ်သည်။ အဆိုဆွေးနွေးခြင်းသက်သက် (Brain-strom) လုပ်ရုံဖြစ်သော်လည်း ဤသို့ဆွေးနွေးတင်ပြမှုများသည် အကျိုးရှိလှသည်။

အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကို တခုတ်တရလုပ်၍ ဆွေးနွေးတင်ပြမှုများ ယနေ့ခေတ်တွင် နည်းပါးလာသောကြောင့်ဖြစ်သည်။ အခြားသော ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများကို ရှေ့တန်းတင်ဆွေးနွေးတင်ပြမှု၊ နှီးနှောဖလှယ်မှုများ များပြားလာသောကြောင့်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျမ်းပြုရေးသားမှုများ၊ စာတမ်းရေးသားမှုများတွင်လည်း ခရီးသွားလုပ်ငန်း၏ ထွေပြားလာမှုသဘောအရ အခြားအခြားသော ခေါင်းစဉ်များကို ရွေးချယ်ရေးသားတင်ပြမှုများ များပြားလာသည်ကို တွေ့ရသည်။

စာကိုပြန်ကောက်သော် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းဖော်ဆောင်ခြင်းသည် Conservative ဖြစ်သလားဆိုသောမေးခွန်းကို ယတိပြတ်ဖြေဆိုရန်ကား မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှု (အခြေခံ)ခရီးသွားလုပ်ငန်း Cultural Tourism သည် အစဉ်အလာကို ထိန်းသိမ်းမှု Conservation သဘောနှင့် ဖွံ့ဖြိုးတိုးတက်မှု Development တစ်ပြိုင်တည်း ဆောင်ရွက်ရသော လုပ်ငန်းတစ်ခု

**"ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော စစ်ရေးတင်းမာမှုများ၊ ပဋိပက္ခများ၊ စီးပွားရေးဆိုင်ရာအကျပ်အတည်းများ၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းမသွားစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်စေရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် Overtourism ဖြစ်လျက်ရှိသော ခရီးစဉ်ဒေသများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကောင်းစွာထိန်းချုပ်စီမံခန့်ခွဲနိုင်ရန် လိုအပ်လျက်ရှိပါသည်။ ယင်းတွင် ယဉ်ကျေးမှုဆိုင်ရာခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများလည်း ပါဝင်လျက်ရှိ"**

ဖြစ်သောကြောင့်ဖြစ်ပါသည်။ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းသည် Conservative ဖြစ်သည်ဟု ဆိုနိုင်သောအကြောင်းတရားများမှာ နိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်များ၊ တိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာနှင့် နေထိုင်စားသောက်မှုပုံစံ ဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များ၊ ဝတ်စားဆင်ယင်မှုနှင့် အနုပညာရပ်များ စသည်တို့ကို မပျောက်ပျက်စေရန် ထိန်းသိမ်းဆောင်ရွက်ရသော အဓိကရည်ရွယ်ချက်ကြောင့်ဖြစ်ပါသည်။

**အဂါရဝမတင့်တယ်မှု မဖြစ်စေရန် တားမြစ်ကန့်သတ်မှုများပြုလုပ်**

ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ပွဲတော်များတွင် အဂါရဝမတင့်တယ်မှု မဖြစ်စေရန် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ ပြုမူလုပ်ဆောင်မှုများ၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးမှီဝဲမှုများ မပြုလုပ်ရန် တားမြစ်ကန့်သတ်မှုများပြုလုပ်ရသည်။ ယင်းသည် မြန်မာနိုင်ငံတွင်သာမဟုတ် ဗုဒ္ဓဘာသာထွန်းကားသော ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင်လည်း ဤနည်းနှင်နှင်သာဖြစ်သည်။ ယင်းနိုင်ငံများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းကို အားပေးမြှင့်တင်သောနိုင်ငံများဖြစ်ကြပါသည်။ ထို့အပြင် အမွေအနှစ်စာရင်းဝင်နေရာများတွင် ခေတ်မီအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ Commercial Development ပြုလုပ်ခြင်းများမပြုလုပ်ရန် ကန့်သတ်တားမြစ်လေ့ရှိပြီး Heritage Zone, Buffer Zone, Commercial Zone စသည်ဖြင့် ဇုန်များ ခွဲခြားထားလေ့ရှိပါသည်။

ဒေသခံတိုင်းရင်းသားတို့၏ လူနေမှုပုံစံဓလေ့စရိုက်များ ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက်လည်း ဆောင်ရန်၊ ရှောင်ရန် (Do and Don't) များကို ပြဋ္ဌာန်းသတ်မှတ်ထားလေ့ရှိကြပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုကို မြှင့်တင်ခြင်း (ဤနေရာတွင် Promotion ကို ဆိုလိုရင်းဖြစ်ပါသည်။) သည် ယဉ်ကျေးမှုကို မီဒီယံ (Medium) သဖွယ် အသုံးပြု၍ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုကို မြှင့်တင်ခြင်း/ အသွင်ပြောင်းလဲခြင်း (Upgrade/ Modify ပြုလုပ်ခြင်းဟု ဆိုသော်ဆိုပါ။) ပြုလုပ်ခြင်းမဟုတ်ပါ။

ခရီးသွားများကို တစ်နည်းဆွဲဆောင်နိုင်ရန် ယဉ်ကျေးမှုကို ပုံတူကူးခြင်း၊ အသွင်ပြောင်းလဲရယူခြင်း၊ လူအများစိတ်ဝင်စားဖွယ်ဖြစ်စေခြင်းအလို့ငှာ မလျော်ကန်သောနည်းဖြင့် အဆင့်မြှင့်တင်ခြင်းနည်းလမ်းများဖြင့် ခရီးသွားလုပ်ငန်းကို ချဲ့ထွင်မည်ဆိုပါက စစ်မှန်သော ယဉ်ကျေးမှုအစဉ်အလာပျောက်ဆုံး၍ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့နိုင်မည်မဟုတ်ပေ။

ဆက်လက်၍ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကို ဖော်ဆောင်ခြင်းကြောင့် Conservative ဖြစ်သည်ဟု ယတိပြတ်ဆို၍မရသည့် အကြောင်းရင်းများလည်းရှိနေပါသည်။ ရှေ့၌တင်ပြခဲ့သကဲ့သို့ ခရီးသွားလုပ်ငန်းသည် ရွေ့လျားနေသော စာမျက်နှာ ၁၇ သို့ ❖

# ထန်းတပင်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၉**

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေစိုကျေးရွာ ငြိမ်းအေးဓမ္မဗိမာန်၌ အခြေပြု၍ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။



အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် မဟာဓမ္မပါလကျောင်း နန်းဦးကျောင်းတိုက် အဂ္ဂမဟာဂုဏ်ရည်ကျောင်းဆောင်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သံဃာတော် ၂၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၇ ပါးနှင့် ဒေသခံပြည်သူ ၇၁ ဦးတို့အား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ကုသဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်အထက် ပြည်သူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် UID ကောက်ယူ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မေ ၉ ရက်က အထက(ကွဲပွဲ)၌ ဆောင်ရွက်စဉ်။

ခင်ခင်မာ(ပြန်/ဆက်)

# သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ ပြည်ပသို့တင်ပို့နိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေးတောင်သူများ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာများ ရေရှည်အသုံးပြုနိုင်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြေဩဇာကုမ္ပဏီများမှ တာဝန်ရှိသူများက မေ ၇ ရက်တွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်နှင့် သဘာဝမြေဩဇာ ထုတ်လုပ်သည့် ကုမ္ပဏီ ၃၂ ခုမှ တာဝန်ရှိသူများက တောင်သူများ မိုးစပါးရာသီ၌ ဓာတ်မြေဩဇာ လျှော့ချသုံးစွဲပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ တွဲဖက်အသုံးပြုရန်၊ မြေဆွေးများကို ကျယ်ပြန့်စွာသုံးစွဲနိုင်ရန် ရည်ရွယ်၍ နည်းပညာပြန့်ပွားအောင် ဆောင်ရွက် နိုင်ခဲ့ကြောင်းနှင့် သဘာဝ/ဇီဝမြေဩဇာကို ရေရှည်အသုံးပြုခြင်းအပြင် ဘေးအန္တရာယ်ကင်းရှင်းသော သဘာဝဓာတ်မြေဩဇာကို ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များရရှိရန် ရည်မှန်းဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အလိုက် သဘာဝ/ဇီဝမြေဩဇာ ဝယ်ယူဖြန့်ဖြူးပေးမည့် အစီအစဉ်များကို တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးမျိုးမြင့်နှင့် မြေဩဇာကုမ္ပဏီများမှ တာဝန်ရှိသူများ ဆက်လက်ဆွေးနွေးကြသည်။ ဥသာ



ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ဘုရားလမ်းရပ်ကွက်ရှိ လူနေအိမ်များ မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် ဆားမလောက်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေယံဘို ဦးဆောင်၍ မေ ၈ ရက် နံနက်ပိုင်းတွင် တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

မိုးဟိန်းထက်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ စာမျက်နှာ ၁၆ မှ

Dynamic ဆန်သောသဘောရှိသည်ဟုဆိုခဲ့ပြီ။ ယဉ်ကျေးမှုအခြေခံ အဆောက်အအုံများ၊ လူမှုအဖွဲ့အစည်းများကိုအမှီပြု၍ ခရီးသွားလုပ်ငန်းကို ဖော်ဆောင်မြှင့်တင်ခြင်းကြောင့် အစိုးရတွင် အခွန်ဘဏ္ဍာများရရှိခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိခြင်းတို့ကြောင့် ဖွံ့ဖြိုးရေးဆန်သော Progressive သဘောရှိသည်။

စံနမူနာပြပုံစံဖြင့် တင်ပြရမည်ဆိုပါက ဂျပန်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ခေတ်မီတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက ယဉ်ကျေးမှုခရီးသွားလုပ်ငန်းသည် အဓိကမောင်းနှင်အားဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုသည် သန်း ၄၀ ကျော်ရှိခဲ့ပြီး လေ့လာတွေ့ရှိချက်များအရ ပြည်ပခရီးသွားဧည့်သည်များ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာအတွေ့အကြုံများကို လေ့လာခံစားရန်ရည်ရွယ်၍ လာရောက်လည်ပတ်ကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ၏ အဓိကယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဆွဲဆောင်မှုများမှာ သမိုင်းဝင် ရိုးရာဘုရားကျောင်းများနှင့် အမွေအနှစ်နေရာများ၊ ရိုးရာအနုပညာနှင့်ပွဲတော်များ၊ အစားအသောက်နှင့် ဝတ်စားဆင်ယင်မှု (ကီမိုနို) ယဉ်ကျေးမှုတို့ဖြစ်ကြသည်။ ထို့အပြင် ဂျပန်နိုင်ငံ၏ ဧည့်ဝန်ဆောင်မှုကဏ္ဍတွင် Omotenashi ဟုခေါ်ဆိုသော ဂျပန်ယဉ်ကျေးမှုအတွင်း အလွန်အရေးပါသည့် ဧည့်ဝတ်ပြုမှုစိတ်ဓာတ်ကို ထိန်းသိမ်းမွေးမြူ၍ လက်ဆင့်ကမ်းပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းသည် ရှေးရိုးဆန်ခြင်းနှင့် ရှေ့ဆက်သွားခြင်း နှစ်ခုအကြား သိမ်မွေ့စွာတည်ရှိလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသို့သွားရောက်စဉ် ၎င်းတို့၏ ရိုးရာ Ramen ခေါက်ဆွဲကို မြည်းစမ်းကြည့်ရသည်။ ရိုးရာခေါက်ဆွဲကို အရသာရှိစွာသုံးဆောင်ရသကဲ့သို့ စားသောက်ဆိုင်များ၏ နည်းပညာအရ ခေတ်မီတိုးတက်မှု၊ သန့်ရှင်းသပ်ရပ်မှုတို့ကိုလည်းတွေ့ကြုံခံစားရသည်။ ရိုးရာအမွေအနှစ်ခေါက်ဆွဲ၏ အသွင်သဏ္ဌာန် အနှစ်သာရကို မပျက်ယွင်းစေဘဲ ဧည့်သည်၏ စားသောက်မှုအတွေ့အကြုံ Dining Experience ကို တီထွင်ဆန်းသစ်မှု (ယနေ့ခေတ်အသုံးများသော Innovative ပြုလုပ်ခြင်း) ဖြင့် ဆွဲဆောင်ခြင်းဖြစ်သည်။

အခြားသော ခရီးစဉ်ဒေသများတွင် အလားတူပင်။ ဂျပန်နိုင်ငံ၌ UNESCO စာရင်းဝင် အမွေအနှစ်နေရာ ၂၆ ခု ရှိပြီး ယင်းတို့အနက် ၂၁ နေရာသည် ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နေရာများဖြစ်၍ ကျန်ငါးခုမှာ သဘာဝအမွေအနှစ်စာရင်းဝင်နေရာများဖြစ်သည်ကို တွေ့ရှိရသည်။ အမွေအနှစ်များကို ကောင်းစွာထိန်းသိမ်းထားသလို ဧည့်သည်များအနေဖြင့် အဆင်ပြေစွာ စနစ်တကျ သွားလာလည်ပတ်နိုင်သည်။ နည်းပညာအရခေတ်မီတိုးတက်သော အတွေ့အကြုံကို ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံနှင့်အတူ လွှမ်းခြုံခံစားရသည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းသည် Conservative ဖြစ်သလို Progressive လည်းဖြစ်သည်ဟု ဆိုရပေမည်။

နည်းပညာခေတ်တွင် ခရီးသွားလုပ်ငန်းရေအလျဉ်သည် ပိုမိုအရှိန်အဟုန်ကောင်းစွာ စီးဆင်းလျက်ရှိသည်။ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence–AI)သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အစိတ်အပိုင်းအများအပြားတွင် နေရာယူလျက်ရှိနေပေပြီ။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ် (Theme) သည်ပင်လျှင် “Digital Agenda and Artificial Intelligence to redesign tourism” ဖြစ်နေသည်။ ခရီးသွားလုပ်ငန်းကို ဒစ်ဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုတို့ဖြင့် ပြန်လည်ပုံဖော်ရေးဆွဲရန် တွန်းအားပေးခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော စစ်ရေးတင်းမာမှုများ၊ ပဋိပက္ခများ၊ စီးပွားရေးဆိုင်ရာအကျပ်အတည်းများ၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းမသွားစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်စေရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် Overtourism ဖြစ်လျက်ရှိသော ခရီးစဉ်ဒေသများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကောင်းစွာထိန်းချုပ်စီမံခန့်ခွဲနိုင်ရန် လိုအပ်လျက်ရှိပါသည်။ ယင်းတွင် ယဉ်ကျေးမှုဆိုင်ရာခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများလည်း ပါဝင်လျက်ရှိပါသည်။

ယဉ်ကျေးမှုခရီးသွားလုပ်ငန်း စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံ့စီးပွားကို အကျိုးပြုနိုင်စေရန် အတိတ်ကိုထိန်းသိမ်း၊ ပစ္စုပ္ပန်ကို အသုံးချ၊ အနာဂတ်ကို ဖွံ့ဖြိုးစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ရေခွက်)များအား ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြား အင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအားပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃**



## လပွတ္တာမြို့၌ မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုချီးမြှင့်ပွဲကျင်းပ

**လပွတ္တာ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ မြစိမ်းရောင်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းဦးကြည်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် စံပြဆုရရှိသည့် တောင်တန်းကြီးကျေးရွာမှ မြစိမ်းရောင်ကော်မတီဝင်များအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



## လောင်းလုံးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**လောင်းလုံး မေ ၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပြုလုပ်ပေးခြင်းကို ယမန်နေ့က ထားဝယ်မြို့နယ်(တွဲ) လောင်းလုံးမြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရက်(၁၀၀) စီမံချက်ဖြင့် ပြည်သူများ၏ အခြေခံအခွင့်အရေးများရရှိစေရေးအတွက် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းအပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**

## စားရေရိက္ခာဖူလုံစေရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**တောင်ကြီး မေ ၉**

စားရေရိက္ခာဖူလုံစေရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

**ညှိနှိုင်းဆောင်ရွက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိမ်းမော်က ဒေသကြက်၊ အသားတိုးကြက်၊ အသားတိုးဝက်၊ ဒေသနှင့်ကိုက်ညီသော ဆိတ်၊ အသားတိုးနွား၊ နို့စားနွားတို့ကို ဒေသတွင်း စားသုံးမှု ဖူလုံရေးသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ တိုးချဲ့မွေးမြူဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် တောင်ကြီးမြို့နယ် နားဟီးကျေးရွာအုပ်စု ရှမ်းရိုးမမွေးမြူရေးဇုန်(၂)ရှိ ရှင်းလင်းဆောင်တွင် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထက်ဝေအောင်(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

ဆက်စပ်သတင်းများအရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘဂျမ်းကို ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကတိုးကျေးရွာရှိ နေအိမ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ် (စျ)ရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၃၉ လမ်းထောင့်၌ ရပ်တန့်ထားသည့် NISSAN CONDOR ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွဆေးပြား လေးသန်း(ခန့်မှန်းတန်ဖိုးငွေကျပ် ခြောက်ဘီလီယံခန့်)ကို ထပ်မံသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ခန့်မှန်းငွေကျပ် ၉ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား လေးသန်းတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိတ်ကြွဆေးပြား လေးသန်းနှင့်အတူ ဖမ်းဆီးရမိသည့် ဘဂျမ်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရန် ခိုင်းစေသူ နိုင်ဝင်း(ခ)ရုပ်ဆိုးကို တွေ့ရစဉ်။**



# MFF U–16/U–19 Youth Futsal League 2026 ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပထမနေ့ စတင်ကျင်းပ

**ရန်ကုန် မေ ၉**

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး ကော်မတီက စီစဉ်ကျင်းပသည့် MFF U–16/U–19 Youth Futsal League 2026 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF Futsal Stadium ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကစားသမားများကို လိုက်လံနှုတ်ဆက်ပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကာ အခမ်းအနား ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန်ဦးမျိုးမြင့်အောင်တို့က ပြိုင်ပွဲဝင်အသင်းများအား ပြိုင်ပွဲဘောလုံးများ ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ Football For Schools အစီအစဉ်တွင် အသုံးပြုရန် ဘောလုံး အလုံး ၅၀၀၀ ကို ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံရယူသည်။

မေ ၉ ရက်တွင် ကျင်းပသည့် MFF U–19 ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် YRG အသင်းက YCDC Dream Team အသင်းကို ခြောက်ဂိုး–နှစ်ဂိုး၊ ULAD အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ရှစ်ဂိုးပြတ်၊ JV အသင်းက United City အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Pacific Sun Far အသင်းက Burmese Warriors အသင်းကို ရှစ်ဂိုးပြတ်၊ MIU အသင်းက Gold Dream အသင်းကို ငါးဂိုး–နှစ်ဂိုး၊ Royal Noka အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ Football For Schools အစီအစဉ်တွင် အသုံးပြုရန် ဘောလုံးအလုံး ၅၀၀၀ ကို ပေးအပ်စဉ်။

# ဟံသာဝတီယူနိုက်တက်အသင်း အိမ်ကွင်းပြန်လည်လက်ခံကျင်းပနိုင်ရန် ဆောင်ရွက်

**ရန်ကုန် မေ ၉**



မြန်မာနေရှင်နယ်လိဂ်ကလပ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဟံသာဝတီယူနိုက်တက်အသင်းသည် လာမည့် ၂၀၂၆–၂၀၂၇ ဘောလုံးရာသီတွင် အိမ်ကွင်းပြန်လည် လက်ခံကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဟံသာဝတီ ယူနိုက်တက်အသင်းသည် ပဲခူးမြို့ရှိ တိုင်းဒေသကြီး အားကစားကွင်းဖြစ်သော Grand Royal Stadium အား အိမ်ကွင်းပြန်လည်လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၀ ဘောလုံးရာသီအထိ အိမ်ကွင်းပွဲများ လက်ခံကျင်းပခဲ့သည်။ ယင်းကွင်းကို အိမ်ကွင်း လက်ခံကျင်းပနိုင်ရန် မြန်မာနေရှင်နယ်လိဂ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မေ ၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြိုင်ပွဲမစတင်မီကာလအတွင်း ကွင်းအဆောက်အအုံ လိုအပ်ချက်များ အချိန်မီပြုပြင်ဖြည့်ဆည်းနိုင်ရေး၊ မြက်ခင်းပြင် အရည်အသွေး ကောင်းမွန်စေရန်၊ ပရိသတ်များ အဆင်ပြေစွာကြည့်ရှုနိုင်ရန်နှင့် ရုပ်သံရိုက်ကူးရေး အဆင်ပြေစေရန် ကိစ္စရပ်များကို တိုင်ပင်ဆွေးနွေးခဲ့သည်။

လာမည့်ရာသီတွင် MNL ပြိုင်ပွဲဝင် ကလပ်အသင်းအချို့ အိမ်ကွင်းပြန်လည် လက်ခံကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ထပ်တိုးလာမည် ဖြစ်သည်။ ထို့ကြောင့် အိမ်ကွင်းပုံမှန်လက်ခံကျင်းပနေသည့် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်အသင်းတို့အပြင် လာမည့်ရာသီ၌ အိမ်ကွင်းလက်ခံကျင်းပနိုင်မည့် အသင်းအရေအတွက် လေးသင်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – MNL**

# ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်း ရာသီသစ်အတွက် ကစားသမားသစ်များ ခေါ်ယူ

**ရန်ကုန် မေ ၉**

၂၀၂၆–၂၀၂၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအသင်းသည် ရာသီသစ်အတွက် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့သည်။

ရန်ကုန်စီးတီးအသင်းသည် MNL သို့ တန်းတက်ခွင့်ရပြီးနောက် အကြီးစားပြင်ဆင်မှုများပြုလုပ်နေပြီး လက်ရွေးစင်အဆင့်ကစားသမားများစွာနှင့် နိုင်ငံခြားသားကစားသမားများ ခေါ်ယူမည်ဖြစ်သည်။ ရန်ကုန်စီးတီးအသင်းသည် ရှမ်းယူနိုက်တက်အသင်းနှင့် လမ်းခွဲခဲ့သည့် မြန်မာ့လက်ရွေးစင် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်ကို ခေါ်ယူနိုင်ခဲ့ကြောင်း မေ ၉ ရက်က တရားဝင်သတင်းထုတ်ပြန်သည်။ ရန်ကုန်စီးတီးအသင်းသည် ရာသီသစ်အတွက် ပြည်တွင်းကစားသမား ၁၀ ဦးနှင့် အထက်၊ နိုင်ငံခြားသားကစားသမား ငါးဦး ခေါ်ယူမည်ဖြစ်သည်။

ရတနာပုံအသင်းသည် ရာသီသစ်အတွက် ရှစ်ဦးမြောက် ပြည်တွင်းကစားသမားခေါ်ယူမှုအဖြစ် Chinland အသင်းမှ ဟိန်းသက်ဖြိုးအား ခေါ်ယူခဲ့သည်။ ရတနာပုံအသင်းသည် ဟိန်းသက်ဖြိုးမတိုင်မီက ဆွမ်လမန်၊ သက်ပိုင်ထွေး၊ ပြည့်ဖြိုးအောင်(ဂိုး)၊ သီဟထက်အောင်၊ မိုးဆွေ၊ သန်းတိုးအောင်၊ အောင်ကျော်အေးတို့ကို ခေါ်ယူထားပြီးဖြစ်သည်။

**မောင်စံကြီး**

☆ **မန်ယူမှ**

မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်ဟာ ယခုဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲစုံ(၃၄)ပွဲမှာ ရှစ်ဂိုးသွင်းယူပေးခဲ့ကာ ဂိုးဖန်တီးမှု အကြိမ် ၂၀ အထိ ပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်နဲ့ မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းတို့ကို ကျော်ဖြတ်ကာ ဘောလုံးအားကစားကလောင်ရှင်များအသင်းရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်ဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ပေါ်တူဂီကလပ် စပို့တင်းအသင်းကနေ အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၆၇ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူလည်းဖြစ်ပါတယ်။ ဘရူနိုဖာနန်ဒက်စ်အနေနဲ့ မန်ယူအသင်းကစားသမားဘဝတစ်လျှောက်မှာ အခုလို ဘောလုံးအာကစားကလောင်ရှင်များအသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၂၀၁၀ ပြည့်နှစ်က ရွန်းနီပြီးနောက်ပိုင်း မန်ယူကစားသမားတစ်ဦးအနေနဲ့ ပထမဆုံးဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

○ **ဘင်္ဂလားဒေ့ရှ်မှ**

ဧရာဝတီအမျိုးသမီးအသင်းသည် ရာသီသစ်အတွက် မြန်မာ့လက်ရွေးစင်နောက်ခံလူ ဖြူဖွေးကိုလည်း ခေါ်ယူထားပြီး ရာသီသစ်အတွက် ပထမဆုံးနိုင်ငံခြားသားကစားသမား ခေါ်ယူမှုအဖြစ် ရီတူကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**ချစ်ကိုကို**

# ဗဟန်းမြို့နယ်၌ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာရှေ့၌ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး ရက် (၁၀၀)စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကြီးကြပ်မှုဖြင့် ဗဟန်းမြို့နယ် အမှတ်(၄၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး လူကူးမျဉ်းကျားမှ ဖြတ်သန်းသွားလာမှု ရှိစေရေး လူကူးမျဉ်းကျားတွင် လမ်းကူးသူများအား လက်တွဲဖေးမလမ်းကူးခြင်း၊ မော်တော်ယာဉ်များအနေဖြင့် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့် အညီ မောင်းနှင်စေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

❖ **အာဆီယံ**

လေ့ကျင့်ပြင်ဆင်ထားကာ ကစားသမားများ အတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL ယူ–၂၁ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ ယူ–၁၉ အသင်းသည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၂၆ အာဆီယံ ယူ–၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လာအိုအသင်းမှလွဲ၍ အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၁ နိုင်ငံ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမော၊ မြန်မာ၊ အုပ်စု(B)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF**

**ထက်ထက်နိုင် အိမ်ခြံမြေအကျိုးဆောင်**

ဒဂုံ(၄)မြို့နယ်ရှိ မြေကွက်များကို လူကြီးမင်းတို့ စိတ်တိုင်းကျ ပေါက်စျေးအမှန်ဖြင့် ဝယ်ပေး/ရောင်းပေးပါသည်။

**09-250017727, 09-758873130**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄/တိုးချဲ့ရပ်ကွက်၊သစ္စာလမ်း၊ မြေကွက်အမှတ် ၇၄၇/ခ၊ မြေဧရိယာ အကျယ်အဝန်း ပေ(၂၀x၆၀) ဂရန်မူရင်း အိမ် မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ပါအိမ်နှင့်မြေသည် ဦးသန်းတင်အမည်ပေါက်ဂရန်ဖြင့် တည်ရှိပြီး ရောင်းချသူဒေါ်မိမိတင် [၁၂/ဗဟန(နိုင်)၀၄၃၉၀၇]နှင့်ဦးအောင်သီဟနိုင်[၁၂/ဗဟန(နိုင်)၀၈၃၅၇၁] သည်ဝယ်ယူပိုင်ဆိုင်လျက် ရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်ဦး [၈/မမန(နိုင်)၀၃၂၆၁၄] ထံ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် လက်ခံသဘောတူပြီး (၈-၅-၂၀၂၆) ရက်နေ့တွင် အထက်ပါအိမ်နှင့်မြေ၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်၍ အရောင်းအဝယ် ပြုလုပ်သောအိမ်/မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲဝံ့ကိုကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၇၆၄/၂၀၂၀)**
**၁၀၂၁/က၊ ဦးကြင်ဦ(၂)လမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၅၂၈၀၁၉၉၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၅x၆၇လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဦးလှဝင်း အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးဝင်းကိုအောင်က တရားပြိုင် ဦးလှဝင်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၈၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဝင်းကိုအောင် [၅/ဒပယ(နိုင်)၁၁၂၇၀၆]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**မြန်မာရေးရာ** မြန်မာရေးရာ(၃၅)
**Myanmar Affairs** (ဧပြီ၊ ၂၀၂၆)
**ထွက်ပြီ**




**"ပြန်လည်နိုးထလာသော ဒီမိုကရေစီအရှက်ဦး"**

၂၀၂၆ ခုနှစ်၊ ဧပြီလ မြန်မာရေးရာ အမှတ်စဉ်-၃၅ တွင်

- ရွေးကောက်ပွဲအလွန် အစိုးရရဲ့အာဂျင်ဒါ
- မြန်မာ့ဒီမိုကရေစီ အလှည့်အပြောင်း
- ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)
- ပင်စင်စနစ်နှင့် လူမှုစီးပွားတည်မြဲရေး
- ရှေးခေတ်ပုဂံပြည်က မြကန်ကျောက်စာ
- ဂန္ထဝင်ဝိတောက်ပြိုကာ
- မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအရင်းအမြစ်များ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

**တစ်အုပ် (၈၅၀၀) ကျပ်**

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ(၃)လမ်း၊ အမှတ်-၇၆၀၊ စတုတ္ထထပ်(၅)လွှာ-အေ၊ တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၈ x ၅၄)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးကျော်ကျော် [၁၂/ဒဂတ(နိုင်)၀၂၂၄၄၂]မှ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းလတ်[၁၂/ဒဂန(နိုင်)၀၃၂၉၂၄]က အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းထက် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ ၃၅-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်(ဒ-၅)၊ ဦးပိုင်အမှတ်(၇၅)၊ ၃၈x၃၉ ကြား၊ ၆၂(A)x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ငွေသောင်း [၅/စကန(နိုင်)၀၁၈၇၆၁]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ ၅၇x၅၈လမ်းကြား၊ ၁၂၀x၁၂၁ လမ်းကြားရှိ ဒေါ်စိုးစိုးဝင်းအမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အိအိချောက တရားပြိုင် ဒေါ်စိုးစိုးဝင်းအပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၉၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိအိချော [၁၃/ကခန(ပြု)၀၀၀၀၅၅]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဘယသကြိန်လမ်း၊ မြေကွက်အမှတ်(၆၉၇) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈ ½) ထပ်တိုက် (Lift) ပါ အဆောက်အဦ၏တတိယထပ်၊ (၄)လွှာ၊ မျက်နှာမူရာဘယ်ဘက်ခြမ်း(B)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၇)ပေ x (၅၄)ပေရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"**

အထက်ပါ တိုက်ခန်းသည် ဦးအောင်ကျော်ဦး [၁၂/ဒပန(နိုင်)၀၄၃၁၆၁] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော (၁)ဦးငွေမိုးဝင်း [၁၂/ဗဟန(နိုင်)၀၇၇၆၁၇] ကိုင်ဆောင်ထားသူနှင့် (၂)ဒေါ်နှင်းနှင်းအေး [၁၂/ကမရ(နိုင်)၀၅၀၇၉၇] ကိုင်ဆောင်ထားသူ နှစ်ဦးတို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျ ခိုင်မာသည့် ပိုင်ဆိုင် မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေမိုးဝင်းနှင့် ဒေါ်နှင်းနှင်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၂၂)**
**အမှတ်(၉/၁၁)၊၀၀၄-မြေညီထပ်၊၃၆-လမ်းအောက်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၂၃၅၆၈၊ ၀၉-၅၁၁၄၄၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (ဏ- ၄၀)၊ လူနေရပ်ကွက်(ဏ-၁၄)၊ အောင်သုခလမ်း၊ မြေကွက်အမှတ်(၂၀၁၃)၊ မြေအကျယ်(၄၀x၆၀)ပေရှိဦးအောင်မြင့် (KMDE ၀၀၂၀၇၇) အမည်ပေါက် ပါမစ်မြေအမျိုးအစားဖြစ်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူ ဦးမျိုးမင်း[၁၂/ရပသ(နိုင်)၀၇၇၂၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေး[၁၂/လမန(နိုင်) ၀၆၄၁၈၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းနုနု**
**အထက်တန်းရှေ့နေ (စဉ်-၄၈၅၃၃)**
**တိုက်(၃၂)၊ အခန်း(၁၈)၊ သုနန္ဒာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၇၇၉၉၄၁၄၃၂၊ ၀၉-၉၆၀၂၀၉၇၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၉)၊ အိမ်အမှတ်(၁၆၂)၊ မြေအကျယ်ပေ(၄၀x၆၀)ပေ ဒေါ်နွဲ့ရီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နွဲ့ရီ [၁၂/မဂတ(နိုင်)၀၂၆၁၉၉]က ၎င်းမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး မည်သည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံသိန်းငွေ [၁၂/ဥကမ(နိုင်) ၁၈၉၈၂၂] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစံသိန်းငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးသူ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၂၅၀)**
**အမှတ်(၇၃၁)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၇၈၅၀၉၆၄၃၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၀)၊ ဦးပိုင်အမှတ်(၄၃+၅၈)၊ ၆၂x၆၃ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ အစ်မ ဒေါ်လှလှ [၉/ဝတန(နိုင်)၀၀၇၈၇၁]မှ ညီမအရင်းဖြစ်သူ ဒေါ်ဌေးဌေးဝင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

**"ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွင်းအမှတ်(၁၀/ခ)၊ ဦးပိုင်အမှတ်(၇) အတွင်းရှိ ခြံအမှတ်(၄)အနက်မှ မူလပိုင်ဆိုင်ခဲ့သူ ဦးစိုးဝင်း(D/RGN-၀၀၆၂၅၈) ရရှိခဲ့သော (၅)အမှတ်အသားပြမြေကွက်မှ မြေဧရိယာ(အလျား၄၀ပေxအနံ၃၅ပေ) ရှိသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"**

အထက်ပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက မိမိတစ်ဦးတည်း လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ဦးထွန်းဝင်းနိုင်[၁၂/အစန(နိုင်)၀၉၉၆၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ), မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**09-972734996, 09-881181988**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ခ)၊ သုတီသာလမ်း၊ မြေကွက်အမှတ်-၃၁၃/ခ၊ အကျယ်အဝန်း(၂၀x ၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်စန်းမြင့် [၁၂/ဥကမ(နိုင်)၀၄၁၄၈၂]အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား ယခုရောင်းချသူ ဦးဗညားမော်[၇/ဘပက(နိုင်)၀၈၇၀၀၂]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LLB,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ (၃၉'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်အုန်းသန်း (ISN-499740) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းသန်း (ISN-499740) [၁၂/လသယ(နိုင်)၀၀၅၃၀၀] ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ အထားအသို မှားယွင်းမှုကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အခြားသူတစ်ပါးတို့ထံတွင်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း အခြားတစ်နည်းနည်းဖြင့် အာမခံတင်သွင်းခြင်း တရားတစ်ထုံးစွဲဆိုထားခြင်းတို့ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ် (၄/၀၁၅/၉၃)ဖြင့် ၂၈-၂-၉၄ ရက်နေ့တွင် မူလထုတ်ပေးခဲ့သည့် ဒေါ်အုန်းသန်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ သီဟသူလမ်း၊ မြေကွက်အမှတ်(၅၈၄/က)တွင် ဆောက်လုပ်ထားသော(၁)ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း-အလျားxအနံ(၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနေမျိုးလွင်[၁၂/အစန(နိုင်)၁၉၁၉၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်သွယ်[၉/သစန(နိုင်)၁၄၉၁၀၉]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်-၁/၁၀ ရှိ ဦးအေးကြူအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၃)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်အပေါ် မှန်ခန်း(ဝဲဘက်)(အလျား ၄၄ ပေ x အနံ ၂၃ ပေ)အမြင့် ၉ ပေရှိသော တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်စမ်းသီတာ မှတ်ပုံတင်အမှတ်[၁၂/မရက(နိုင်)၀၄၉၅၃၄] ထံမှ ကျွန်ုပ် ဦးဇော်ရဲမင်း မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၀၉၅၁၅၈]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ရဲမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၅)**
**အမှတ်(၄၅၆)၊ ဗိုလ်ချိန်(၅)လမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၂၀၆၀၄၁၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအပိုင်း(၁)အိမ်ရာ၊ တိုက်အမှတ်(၂၁)၊ အခန်းအမှတ်(၁၀၃) ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးငွေစိုး [၁၂/ပဘတ(နိုင်)၀၀၆၄၉၇]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်စပယ်ဆွေ [၁၄/ပသန(နိုင်)၁၃၂၆၂၉]မှ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ကွင်းအမည်-ကျိုက္ကမော့၊ ကွင်းအမှတ်(၆၁၉)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၁.၃၄)ဧက အကျယ်ရှိ မြေအမျိုးအစား-စ-၂၊ အမည်ပေါက် ဦးသိန်းတိုး[၁၄/ဒဒရ(နိုင်)၀၃၈၇၅၃]မှ အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-09-420058553, 09-799466954**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၆၄)ခဲစင်း၊ ၅၀x၅၁ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လှ [၉/မခန(နိုင်)၁၇၆၇၈၃]က အမှုတွဲအမှတ်(၀၁၃၀/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ရပ်(၉)ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၇၃)၊ မြေကွက်အမှတ်၊(၁၅၅၊ ၁၅၆၊၁၅၇)၊ ဧရိယာ(၀.၁၃၈၀)ဧကအနက်မှ(၀.၀၂၇၅)ဧကရှိ အရှေ့ဘက်-ရန်ကုန်-မန္တလေးကားလမ်း (ဗိုလ်ချုပ်လမ်း)၊ အနောက်ဘက်-အစိုးမြေလပ်၊ တောင်ဘက်-ဘူတာလမ်း၊ မြောက်ဘက်-(၇၃)၏ မြေကွက်ကို ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်သီတာလွင်မှ ခွဲစိတ်အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၂၃-၅-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၆၄)ခဲစင်း၊ ၅၀x၅၁ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်လှ [၉/မခန(နိုင်)၁၇၆၇၈၃]က အမှုတွဲအမှတ်(၀၁၂၉/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မင်းလှရွှေတောင်လမ်း၊ မြေကွက်အမှတ်(၁၀၃၃)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိဦးဗီရေးယား အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသည့်အနေအထားဖြင့် မြေကွက်အားမျက်နှာမူကြည့်လျှင် ဘယ်ဘက်(အစွန်)ခြမ်း၊ (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ် အဆက်အစပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား၍ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ဌေး[၇/ကဝန(နိုင်)၁၀၂၈၉၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုရီ[၁၂/မရက(နိုင်)၀၂၇၆၄၆]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-09-420058553, 09-799466954**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၁၄၁၊ အကျယ်(၄၀ပေx၆၀ပေ)၊ ဗိုလ်ကြီးအေးမင်း (ဘ) ဦးမင်းလွင်[၁၂/စခန(နိုင်)၀၄၈၃၂၃] အမည်ပေါက်ပါမစ်မြေကွက်ရှိ မြေအကျယ် (၁၀ပေx၆၀ပေ) x (၁၀ပေx၆၀ပေ) ဘေးချင်းကပ် မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်သော စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သည်ဟုဆိုသူ ဦးနန္ဒကျော် (ဘ) ဦးစံသိန်း [၁၂/ရပသ(နိုင်)၀၄၄၇၆၀]က မိမိသာလျှင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ပြောဆို၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်ရှင်း[၁၂/စခန(နိုင်)၀၈၃၈၀၀]က ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်ရှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၅၃)**
**အမှတ်-၁၀၄၀၊ ဘယကျော်သူ(၁၆)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၈၁၅၇၂၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်(၉၅/က)၊ ဧရိယာ (၂၀' x ၆၀')အကျယ်ရှိ (ပါမစ်)မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၉၅/က)၊ ဝေါလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေးကြည် (CF- ၁၀၆၂၅၈)က တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံက ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီသီထွန်း [၁၂/ဥကတ(နိုင်) ၁၇၈၆၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အုန်း [၁၄/အမန(နိုင်)၁၁၃၁၂၅]က ဝယ်ယူရန်အတွက် မြေနှင့် အိမ်တန်ဖိုးငွေ၏ တစိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မြေနှင့်အိမ်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးထွန်းထွန်းလွင် (LL.B)** | **ဦးရန်နိုင်စိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၁၉၆)** | **(စဉ်-၅၃၆၈၀)** |

**အမှတ်-၁၀/၁၂၊ (ပထမထပ်) (ဘီ-၂)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၂၂၉၇၃၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၂၆ ရက်နေ့၊ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ကြည်ကြည်ထွေး၏ ဦးလှမြင့်အား အသိပေးကြေညာခြင်းသတင်းစာကြော်ငြာတွင် ငွေကျပ် ၅၇၀၃၆၁၄၃(ကျပ်သိန်းငါးရာခုနစ်ဆယ်သုံးသောင်းခြောက်ထောင့်တစ်ရာလေးဆယ့်သုံးကျပ်တိတိ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စံပယ်လမ်း၊ အမှတ်-၁၃၆ နေ ဒေါ်ရန်တင်ပိ(ခ)အားပိ (ဘ)ဦးရန်ချောက်ရှင်[၁၃/ကခန(နိုင်)၀၅၁၀၈၀] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၁၁၁၂၃/၂၀၂၅ (၁၁-၁၂-၂၀၂၅) ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်-၁၁၁၂၃/၂၀၂၅ (၁၁-၁၂-၂၀၂၅)**

အထက်တွင်ကပ်နှိပ်ဖော်ပြထားသည့် **ရွှေကမ္ဘာ** ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အစားအစာများတွင် ထည့်သွင်းအသုံးပြုသော ကြံမဆိုင်အစားအသောက်ပစ္စည်းများပေါ်တွင် မိမိကိုယ်ပိုင် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ဒီဇိုင်းပုံစံအမျိုးမျိုး၊ ဆိုဒ်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ဖိနှိပ်၍ဖြစ်စေ၊ ကပ်နှိပ်၍ဖြစ်စေ အသားတံဆိပ်ပြုလုပ်အသုံးပြုကာ ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းမွန်သောဂုဏ်သတင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ မှတ်ပုံတင်သွင်းထားပြီးဖြစ်သော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန်အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ အသုံးပြုကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဒေါ်အိအိစံ(စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း** |
| **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)** | **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **(စဉ်-၂၇၃၂၀)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | | **ဒေါ်နွေးနွေးအိ** |
| | | **(စဉ်-၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

